www.dhammaransi.com

# သမိုင်းဝင်

# ရှင်ပင်စက္ကိုန်းတဲ



၃၇
ပ

## စေတီတော်သမိုင်း

www.dhammaransi.com

# မင်းဘူးမြို့သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ

## ခေတ္တိတော်ဘုရားသမိုင်း

www.dhammaransi.com

# နိဒါန်း

မင်းဘူးမြို့၏ အရှေ့တောင်အရပ်တွင် တည်ရှိသောတောင်ကို ရှေးယခင်က **'ကေလာသဖတောင်'** ဟု အမည်တွင်ခဲ့လေသည်။ ၎င်းတောင်တွင် ပွင့်တော်မူခဲ့သော ရှေးနောင်တော် နှောင်တော်များ ဖြစ်တော်မူကြကုန်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်များ ကိန်းစက်တော်မူခဲ့ကြသော (အဝိဇဟိတဗ္ဗ=ဘုရားရှင်များ မပယ်စွန့်အပ်သော) နေရာထူး နေရာမြတ်ဖြစ်သော ကုန်းတော်ဖြစ်သည့် အားလျော်စွာ ရှင်ပင်ဂေါတမ ကိုယ်တော်တိုင်လည်း ကိန်းစက်တော်မူခဲ့ခြင်းကြောင့် **'ရှင်ပင်စက္ကိန်းတဲ တောင်'** ဟု ခေါ်ဝေါ်သမုတ်ခြင်း ပြုကြပြန်ပါသည်။

ဤတောင်ပေါ်ဝယ် မြတ်စွာဘုရားသခင် ကိန်းစက်တော်မူသည့် နေရာဌာနဌ် ဘုရားသခင် ကိန်းစက်သော တည်းကျောင်းမဏ္ဍပ်ကို ထိုစက္ကိန်းတဲတောင်၌ ဌာပနာပြီး စေတီတော်မြတ်တည်ထားခြင်းဖြစ်၍ ၎င်းစေတီတော်ကို **'ရှင်ပင်စက္ကိန်းတဲစေတီ တော်'** ဟု ခေါ်တွင် ပေါ်လွင်ထင်ရှားခဲ့ပါသည်။

ဤစေတီတော်မြတ်သည် ရှေးဟောင်း စေတီတော်မြတ်ကြီး ဖြစ်ခြင်းကြောင့် ရဟန်းရှင်လူ ပြည်သူအများ ကြည်ဖြူသဒ္ဓါပသန္နဖြင့် ရှိခိုးကော်ရော် ဖူးမြော်နိုင်ကြစေရန် ရည်ရွယ်ချက်အရလည်းကောင်း၊ အနယ်နယ် အရပ်ရပ်တို့မှ လာရောက်ဖူး မြော်ကြသော ဓမ္မမိတ်ဆွေ ပါရမီရှင် သူတော်စင်အပေါင်းတို့၏ မေးမြန်း တောင်းဆိုရယူလိုကြသော အာသာဆန္ဒအရ လည်းကောင်း၊ ဤမည်သော

www.dhammaransi.com

# ရှင်ပင်စက္ကိန်းတဲ

ရှင်ပင်စက္ကိန်းတဲ စေတီတော်သမိုင်း အတ္တုပ္ပတ္တိကို...

ဘုရား၏ ဂေါပကအဖွဲ့က...

လောကမာရဇိန် ရွှေဘိုဆရာတော် ဦးမုနိန္ဒ ရေးသားသော သမိုင်း။

မင်းဘူးမြို့ ချမ်းသာကြီးတိုက် ဆရာတော်ဦးဝါယမ ရေးသားတည်းဖြတ်သော သမိုင်း။

သရက်ခရိုင် မြဝတီကျောင်း ဆရာတော် ဦးမာဃိန္ဒသာမိ ရေးသားသော စေတိယဒီပကကျမ်း။

စလင်းမြို့၊ ဝက်ထီးကန်ချောင်၊ ခေမာသိဝံတောရဆရာတော် အရှင်ဦးဒီပထေရ် ရေးသားသော ပဒစေတိယဒီပနီကျမ်း၊ မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ပြင်ဆင်တည်းဖြတ်သော ဗုဒ္ဓဘဏ္ဍာတော် ပြဿနာကျမ်းနှင့်

အခြားသော မဟာဝံသ ကျမ်းစာအုပ်များကို မှီငြမ်းပြု၍ အသစ်ပြုပြင် ရေးသား ထုတ်ဝေ ဖြန့်ချိလိုက်ရပါသည်။

ရှင်ပင်စက္ကိန်းဟဲ စေတီတော်မြတ်ကြီး၏ သမိုင်းကို ဝယ်ယူ ဖတ်ရှု လှူဒါန်းကြကုန်သော ပါရမီရှင်၊ ဒါနရှင်တို့မှာ ကာယသုခ စိတ္တသုခ နှစ်ဖြာသော သုခတို့နှင့် ပြည့်ဝ၍ သန္တိသုခမဂ်နန်းသို့ လျင်မြန်စွာ တက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ရှင်ပင်စက္ကိန်းတဲဘုရား**
**ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့**
**မင်းဘူးမြို့**

www.dhammaransi.com



# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မဟာပုဏ္ဏ ဖြစ်ပေါ်လာခြင်း | ၁၁ |
| မဟာပုဏ္ဏ ဘုရားသခင်နှင့်တွေ့ခြင်း | ၁၂ |
| မဟာပုဏ္ဏ ရဟန်းပြုခြင်း | ၁၃ |
| မဟာပုဏ္ဏမထေရ်ဘုရားထံခွင့်ပန်ခြင်း | ၁၄ |
| မဟာပုဏ္ဏမထေရ်၏ ခန္တီတရားခုနစ်ပါး | ၁၄ |
| မဟာပုဏ္ဏမထေရ် သုနာပရန္တတိုင်းသို့ပြန်၍ သီတင်းသုံးခြင်း | ၁၈ |
| မဟာပုဏ္ဏမထေရ်ရဟန္တာဖြစ်ခြင်း | ၁၈ |

www.dhammaransi.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဓုပုဏ္ဏသူကြွယ် ကုန်ကူးသွားခြင်း | ၁၉ |
| ဓုပုဏ္ဏသူကြွယ် ကုန်သည်တို့အနွှ ရာယ်တွေ့ခြင်း | ၂၀ |
| မဟာပုဏ္ဏမထေရ် ကယ်မခြင်း | ၂၀ |
| ကုန်သည်တို့ စန္ဒကူးနံ့သာ လှူဒါန်း၍ ကျောင်းဆောက်ခြင်း | ၂၂ |
| မဟာပုဏ္ဏမထေရ်ဘုရားသခင်အား ပင့်လျှောက်ခြင်း | ၂၃ |
| ရတနာပြသဒ်ငါးရာဖန်ဆင်း၍ သိကြားမင်းလှူခြင်း | ၂၅ |
| မြတ်စွာဘုရား သုံနာပရန္တ တိုင်းသို့ ကြွတော်မူခြင်း | ၂၇ |
| သစ္စဗန္ဓရသေ့ ရဟန္တာဖြစ်တော်မူခြင်း | ၂၇ |
| ဘုရားသခင်ကေလာသဖစက္ကိန်းတဲတောင်သို့ကြွတော်မူခြင်း | ၂၈ |
| သိကြားမင်းက မြသလွန်နှင့် မြသပိတ်လှူဒါန်းခြင်း | ၃၀ |
| စကြိုတောင်ဟု ခေါ်တွင်ခြင်း | ၃၀ |
| လိပ်တောင်ဟု ခေါ်တွင်ခြင်း | ၃၁ |
| စက္ကိန်းတဲတောင်ဟု ခေါ်တွင်ခြင်း | ၃၁ |
| မြတ်စွာဘုရား သလွန်တော်ပေးသနားခြင်း | ၃၁ |
| ဘုရားသခင် မြသပိတ်တော်ကို ရေမျှောခြင်း | ၃၂ |
| မြသလွန်စေတီတည်ထားကိုးကွယ်ကြခြင်း | ၃၃ |
| စက္ကိန်းတဲစေတီတော်တည်ခြင်း | ၃၄ |
| သလွန်ချစေတီတော်တည်ခြင်း | ၃၄ |

www.dhammaransi.com

# စေတီတော်သမိုင်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မြသပိတ်မှောစေတီ | ၃၄ |
| မြသပိတ်စေတီတော် တည်ထားခြင်း | ၃၄ |
| ခြေတော်ရာ ချတော်မူခြင်း | ၃၅ |
| အထက်ခြေတော်ရာချတော်မူခြင်း | ၃၆ |
| ရေးမြန်မာမင်းများ၏ ဆောင်ရွက်ချက်များ | ၃၇ |
| ဝတ္တကမြေအပိုင်းအခြား | ၃၉ |
| တိုင်းတစ်ပါးသား အစိုးရခေတ်စေတီတော်ကြီး ညှိုးငတ်စွာစံပယ်ရခြင်း | ၃၉ |
| လွတ်လပ်သောအချုပ်အခြာအာဏာပိုင်ခေတ် | ၄၁ |
| သြဝါဒါစရိယနှင့် ပထမဆုံးဂေါပကအဖွဲ့ | ၄၂ |
| ဝတ္တကမြေ အပြည့်အဝပြန်လည်ရရှိခြင်း | ၄၂ |
| စေတီတော်ကိုစတင်မွမ်းမံပြုပြင်ခြင်း | ၄၃ |
| နတ်ပေးသည့်ပုံတော် | ၄၄ |
| စိန်ဖူးတော်စိမ်လှူဒါန်းခြင်း | ၄၅ |
| ထူးမြတ်သည့်တောင်တော် | ၄၅ |
| ထူးခြားသည့်တောင်စောင့်နတ်မင်း | ၄၆ |
| ထီးတော်တင်ပွဲကျင်းပခြင်း | ၄၆ |
| ထီးတော်မြေခရခြင်း | ၄၈ |
| စေတီတော်ကြီးကို ဆက်လက်၍ပြန်လည်ပြုပြင် တည်ဆောက်ကြခြင်း | ၄၈ |
| သြဝါဒါစရိယ ဆရာတော်များဖွဲ့ခြင်း | ၄၉ |

www.dhammaransi.com

## ရှင်ပင်စက္ကိန်းတဲ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့ခြင်း | ၅၀ |
| ထီးပေါက်နှင့် စိန်ဖူးတော်တင်လှူခြင်း | ၅၃ |
| တိုးချဲ့မွမ်းမံနိုင်ရန်စီစဉ်ခြင်း | ၅၄ |
| လျှပ်စစ်မီး တပ်ဆင်ပူဇော်ခြင်း | ၅၅ |
| အလှူခံ ဥပသကာခန့်ထားခြင်း | ၅၅ |
| ရေရရှိအောင် ဖန်ထားခြင်း | ၅၅ |
| အခလွတ်တည်ခိုးခွင့်ပြုခြင်း | ၅၆ |
| ဘဏ္ဍာတော်ငွေထိန်းသိမ်းခြင်း | ၅၆ |
| မြေသက်န်းကပ်လှူခြင်း | ၅၇ |
| တိုးချဲ့ပြုပြင်ကြခြင်း | ၅၇ |
| ဆေးဝက်ပါဆရာတော်ပျံလွန်တော်မူခြင်း | ၆၀ |
| အုပ်ချုပ်ရေးအဖွဲ့ကို ပထမအကြိမ်ပြင်ဆင်ခြင်း | ၆၀ |
| စောင့်ရှောက်ရေးဆပ်ကော်မတီ | ၆၁ |
| တည်ဆောက်ရေးဆပ်ကော်မတီ | ၆၂ |
| အုပ်ချုပ်ရေးအဖွဲ့ကို ဒုတိယအကြိမ်ပြင်ဆင်ခြင်း | ၆၃ |
| စေတီတော်ကြီးစောင့်ရှောက်ထိန်းသိမ်းရေးအဖွဲ့ဝင်များ | ၆၃ |
| စောင့်ရှောက်ထိန်းသိမ်းရေးအဖွဲ့ကိုဖျက်၍ | |
| ဂေါပကဖွဲ့ခြင်းနှင့် ဆပ်ကော်မတီများဖွဲ့ခြင်း | ၆၄ |
| ဩဝါဒါစရိယ ဆရာတော်များ | ၆၅ |

www.dhammaransi.com

# စေတီတော်သမိုင်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဗဟိုကော်မတီအဖွဲ့ဝင်များ | ၆၆ |
| အလုပ်အမှုဆောင်ကော်မတီဝင်များ | ၆၆ |
| ဂေါပကအဖွဲ့ဝင်များ | ၆၇ |
| ဘုရားပွဲတော် စတင်ကျင်းပခြင်း | ၆၈ |
| ဆပ်ကော်မတီပယ်ဖျက်ခြင်း | ၆၉ |
| ဒုတိယအကြိမ် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း | ၇၀ |
| ငွေစုလက်မှတ် ဝယ်ယူထားခြင်း | ၇၁ |
| ဂန္ဓကုဋိတိုက်အတွင်းနံရံများ မှန်စီခြင်းနှင့် အပြောင်းအလဲများ | ၇၁ |
| စေတီတော်ကြီး၏ ဉာဏ်တော် စသည်များ | |
| တတိယအကြိမ်မြောက် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း | ၇၆ |

www.dhammaransi.com



# မဟာပုဏ္ဏ ဖြစ်ပေါ်လာခြင်း

အိန္ဒိယ မဇ္ဈိမတိုင်း ဂေါတမဗုဒ္ဓရှင်တော်ဘုရား ပွင့်တော်မူစဉ် အချိန်မှာ သုနာပရန္တတိုင်း (ယခုခေတ်အခေါ် မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းတွင် ဘိုးတော်အဋ္ဌနဖြို သက္ကရာဇ် ၁၂၃ – ၌ ကျောင်းတော်ရာ – တွင် ဘုရား၏ သာသနာ မပေါ်ပေါက်သေးသော အခါက ပစ္စန္တရစ်အရပ် ဖြစ်လေသည်။ ထို သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရှိ ရွာသူရွာသားတို့မှာ သာသနာရေး မယဉ်ကျေးကြသေးသော်လည်း စီးပွား ရေးအရ ကုန်သည်များ ဖြစ်ကြ၍ မဇ္ဈိမတိုင်း သာဝတ္ထိပြည်နှင့် ကူးသန်းရောင်းဝယ်ခြင်း ပြုကြလေသည်။

www.dhammaransi.com



ဝါဏိဇ္ဇဂါမမှ သူကြွယ်ကုန်သည်တစ်ဦးတွင် သားကြီး မဟာပုဏ္ဏနှင့် သားငယ် စူဠပုဏ္ဏဟု သားနှစ်ယောက်ရှိလေသည်။ ၎င်းတို့ အရွယ်သို့ ရောက်လတ်သော် အမျိုး၏ ဓလေ့ထုံးစံအတိုင်း တစ်လှည့်စီ ကုန်စည် ကူးသန်းရောင်းဝယ်ကာ အသက်မွေးမြူမှု ပြု ကြ၏။

## မဟာပုဏ္ဏ ဘုရားသခင်နှင့်တွေ့ခြင်း

မြတ်စွာဘုရားသခင် ပွင့်တော်မူပြီးနောက် ဝါတော် ၂၀ - တွင် နောင်တော် မဟာပုဏ္ဏသည် ညီငယ်ကိုထားခဲ့ပြီး လှည်းငါးရာတို့ဖြင့် ကုန်ကူးသွားရာ မဇ္ဈိမဒေသ ကောသလတိုင်း သာဝတ္ထိသို့ရောက် သဖြင့် လှည်းဝိုင်းချ၍ နားနေရလေသည်။

ထိုအခါ သာဝတ္ထိပြည်သူပြည်သားတို့သည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားသခင်ထံ တရား တော် နာအံ့သောငှာ ပန်းနံ့သာစသော လှူဖွယ်ဝတ္ထုတို့ကို ယူဆောင် ပြီး သွားကြသည်ကို မဟာပုဏ္ဏမြင်လျှင် "သင်တို့သည် အဘယ်အရပ်သို့ အဘယ်အကြောင်းဖြင့် သွားကြကုန်သနည်း" ဟု မေးလေလျှင် သာဝတ္ထိပြည်သူပြည်သားတို့က "ယခု အကျွန်ုပ် တို့ကား မြတ်စွာဘုရားသခင်ထံသို့ တရားတော်နာ သွားကြခြင်း ဖြစ်ကြောင်း" ပြောကြားလေသည်။

မဟာပုဏ္ဏသည် "ဘုရားသခင်" ဟူသော အသံကို ကြားလိုက် ရသည်နှင့် တစ်ပြိုင်နက် အလွန်ဝမ်းမြောက်ပီတိဖြစ်၍ သာဝတ္ထိပြည် သူတို့နှင့်အတူ မြတ်စွာဘုရားသခင်ထံသွားပြီး တရားတော်ကို

www.dhammaransi.com



နာလေ၏။

## မဟာပုဏ္ဏ ရဟန်းပြုခြင်း

တရားတော်နာပြီးသောအခါ ဘုရားသခင်အား အလွန်ကြည်ညိုခြင်း ဖြစ်သောကြောင့် ရိုသေစွာ ရှိခိုးပြီးလျှင် “တပည့်တော်သည် ခရီးဝေး ကွာသော သုနာပရန္တ တိုင်းသား ဧည့်သည်ဖြစ်ပါသည်။ သနားတော် မူပါလျှင် တပည့် သံဃာငါးရာနှင့်တကွ တပည့်တော်၏ လှည်း စခန်းသို့ ကြွမြန်းတော်မူ၍ နက်ဖြန် ဆွမ်းအလှူ ခံတော်မူပါဘုရား”ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားသခင်သည် မဟာပုဏ္ဏ၏ (ဥပနိဿယ)နှင့် ပြည့်စုံသည်ကိုလည်းကောင်း၊ သာသနာတော်သည် သုနာပရန္တ တိုင်း၌ နေလပမာ နှောင်အစဉ်အလာ ထွန်းလင်းပြန့်ပွား၍ သတ္တဝါမိုလ်လူ ကျွတ်ပွဲယူလတ္တံ့သည်ကိုလည်းကောင်း မြင်တော် မူသဖြင့် သည်းခံတော်မူလေသည်။

မဟာပုဏ္ဏသည် မိမိလှည်းစခန်းသို့ပြန်၍ ကောင်းမြတ်သော ဆွမ်းဘောဇဉ်တို့ကို စီရင်လေ၏။ နံနက်မိုးသောက်သောအခါ မြတ်စွာဘုရားနှင့် သံဃာတော်မြတ်တို့အား ဆက်ကပ် လှူဒါန်း လေ၏။

ဆွမ်းဘုဉ်းပေးပြီး မြတ်စွာဘုရား ပြန်ကြွသွားပြီးနောက် မဟာပုဏ္ဏသည် သူ၏ဘဏ္ဍာစိုးကိုခေါ်၍ ဤလှည်းငါးရာနှင့် တကွသော ကုန်စည်ဘဏ္ဍာများကို ယူဆောင် ပြန်သွားပြီး “ညီတော် စူဠပုဏ္ဏအား ပေးအပ်လေ၊ ငါမူကား ရဟန်းပြုတော့အံ့” ဟု မှာထားလျက် ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားထံ ခွင့်ပန်ကား

www.dhammaransi.com



ရဟန်းပြုလေ၏။

## မဟာပုဏ္ဏမထေရ် ဘုရားထံခွင့်ပန်ခြင်း

ရဟန်းပြုပြီးသည့်နောက် မဟာပုဏ္ဏမထေရ်သည် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ပြန်လိုသဖြင့် ဘုရားထံချဉ်းကပ်၍ "အကျဉ်းအမြွက်မျှဖြစ်သော တရားတော်ကို ဟောတော်မူပါ။ ထိုတရားတော်ကို နာခံမှတ်သားပြီးလျှင် သတိ, ပညာ, သဒ္ဓါ, ဝီရိယနှင့်တကွ ခြိုးခြံသောအကျင့်ကိုကျင့်လျက် နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ကို ဖြစ်စေလျက် နေပါအံ့"ဟု လျှောက်ထားခွင့်ပန်လေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ကာမဂုဏ်ငါးပါးတို့၌ ငြိတွယ်အပ်သော အဿာဒ, အာဒီနဝ, သမုဒယ, နိရောဓ, နိဿရဏ, ဥပါယ အစရှိသော တရားတော်ကို ဟောတော်မူပြီးလျှင် "ချစ်သား မဟာပုဏ္ဏ၊ သင်သည် အဘယ်တိုင်း၊ အဘယ်ပြည်၊ အဘယ်အရပ်တို့၌ နေအပ်မည်နည်း"ဟု မေးတော်မူလေသော် မဟာပုဏ္ဏမထေရ်သည် "တပည့်တော်ကား သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမ၌ နေလိုပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

## မဟာပုဏ္ဏမထေရ်၏ ခန္တီတရားခုနစ်ပါး

၁။ မြတ်စွာဘုရားသည် "ချစ်သားမဟာပုဏ္ဏ၊ သင်သည် သုနာပရန္တတိုင်း၌နေပါအံ့ဆိုသော် သုနာပရန္တတိုင်းသားတို့သည် ကြမ်းတမ်းခက်ထန် မျက်မာန်ကြီးကုန်စွာတကား၊ သင့်အား ဆဲရေးရေရွတ်ကုန်သော် သင့်စိတ်အကြံသည် အဘယ်သို့ ဖြစ်လိမ့်မည်

www.dhammaransi.com



နည်း”ဟု မေးတော်မူ၏။

မဟာပုဏ္ဏမထေရ်လည်း “အရှင်ဘုရား၊ သုနာပရန္တ တိုင်းသားတို့သည် တပည့်တော်အား ဆဲရေး ရေရွတ်ကုန်သော် လွန်စွာကောင်းပေစွ၊ ဆဲရေးခြင်းကိုသာ ပြုကြပေသည်၊ ဘောကိုပြ၍ ခြိမ်းခြောက်ခြင်းကို မပြုကုန်ဟု စိတ်အကြံကို ဖြစ်စေပါမည်ဘုရား” ဟု လျှောက်ထားလေ၏။

၂။ မြတ်စွာဘုရားသခင်သည် “ချစ်သားမဟာပုဏ္ဏ၊ သုနာပရန္တတိုင်းသားတို့သည် သင့်အား ဘောကိုပြ၍ ခြိမ်းခြောက်ပြန်သော် သင့်စိတ်အကြံ အဘယ်သို့ ဖြစ်လိမ့်မည်နည်း”ဟု မေးတော်မူ၏။

မဟာပုဏ္ဏမထေရ်သည် “အရှင်ဘုရား၊ သုနာပရန္တ တိုင်းသားတို့သည် တပည့်တော်အား ဘောကိုပြ၍ ခြိမ်းခြောက်ခဲ့သော် လွန်စွာကောင်းပေစွ၊ လက်ဖြင့်ပုတ်ခတ်ခြင်း မပြုပေကုန်ဟု စိတ်အကြံကို ဖြစ်စေပါမည်ဘုရား” ဟု လျှောက်ထားပြန်လေ၏။

၃။ မြတ်စွာဘုရားသည် “ချစ်သား၊ သုနာပရန္တ တိုင်းသားတို့သည် သင့်အား လက်ဖြင့် ပုတ်ခေတ်ခဲ့ပြန်သော် အဘယ်သို့ ဖြစ်လိမ့် မည်နည်း”ဟု မေးတော်မူပြန်၏။

မဟာပုဏ္ဏမထေရ်လည်း “အရှင်ဘုရား၊ သုနာပရန္တ တိုင်းသားတို့သည် တပည့်တော်အား လက်ဖြင့် ပုတ်ခတ်ပြန်သော် လွန်စွာကောင်းပေစွ၊ အုတ်, ကျောက်ခဲတို့ဖြင့် ပစ်ခတ်ခြင်း မပြုပေကုန်ဟု စိတ်အကြံကို ဖြစ်စေပါမည်ဘုရား” ဟု လျှောက်ထားပြန်လေ၏။

www.dhammaransi.com



၄။ မြတ်စွာဘုရားသခင်သည်“ချစ်သားမဟာပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် သင့်အား အုတ်,ကျောက်ခဲတို့ဖြင့် ပစ်ခတ် ပြန်သော် သင့်စိတ်အကြံသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း”ဟု မေးတော်မူပြန်၏။

မဟာပုဏ္ဏမထေရ်လည်း “အရှင်ဘုရား၊ သုနာပရန္တ တိုင်းသားတို့သည် တပည့်တော်အား အုတ်, ကျောက်ခဲတို့ဖြင့် ပစ်ခတ်ပြန်သော် လွန်စွာ ကောင်းပေစွ၊ တုတ်, လှံတံဖြင့် ရိုက်ပုတ်ခြင်း မပြုပေကုန်ဟု စိတ်အကြံ ဖြစ်စေပါမည်ဘုရား” ဟု လျှောက်ထားပြန်လေ၏။

၅။ မြတ်စွာဘုရားသခင်သည်“ချစ်သားမဟာပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် သင့်အား တုတ်, လှံတံတို့ဖြင့် ရိုက်ပုတ်ပြန်သော် သင့်စိတ်အကြံသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း”ဟု မေးပြန်လေ၏။

မဟာပုဏ္ဏမထေရ်လည်း “အရှင်ဘုရား၊ သုနာပရန္တ တိုင်းသားတို့သည် တပည့်တော်အား တုတ်, လှံတံတို့ဖြင့် ရိုက်ပုတ်ပြန်သော် လွန်စွာ ကောင်းပေစွ၊ ဓားလက်နက်တို့ဖြင့် မထိုးမခုတ်ကြပေကုန်ဟု စိတ်အကြံကို ဖြစ်စေပါမည်ဘုရား” ဟု လျှောက်ထားပြန်လေ၏။

၆။ မြတ်စွာဘုရားသခင်သည်“ချစ်သားမဟာပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် သင့်အား ဓားလက်နက်တို့ဖြင့် ထိုးခုတ်ပြန်သော် သင့်စိတ်အကြံသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း”ဟု မေးတော်မူပြန်သည်။

မဟာပုဏ္ဏမထေရ်လည်း “အရှင်ဘုရား၊ သုနာပရန္တ တိုင်းသား တို့သည် တပည့်တော်အား ဓားလက်နက်တို့ဖြင့် ထိုးခုတ်ပြန်သော်

www.dhammaransi.com



လွန်စွာ ကောင်းပေစွ၊ ထက်စွာသော သန်လျက်တို့ဖြင့် ဗိုဝိတိန္ဒြေကို မချပေကုန်ဟု စိတ်အကြံကို ဖြစ်စေပါမည်ဘုရား” ဟု လျှောက်ထား ပြန်လေ၏။

၇။ မြတ်စွာဘုရားသခင်သည်“ချစ်သားမဟာပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် သင့်အား ထက်စွာသော သန်လျက်တို့ဖြင့် ဇီဝိတိန္ဒြေကို ချပြန်ခဲ့သော် သင့်စိတ်အကြံသည် အဘယ်သို့ဖြစ်လိမ့် မည်နည်း”ဟု မေးတော်မူပြန်၏။

မဟာပုဏ္ဏမထေရ်လည်း “အရှင်ဘုရား၊ သုနာပရန္တ တိုင်းသား တို့သည် တပည့်တော်အား ထက်စွာသောသန်လျက်တို့ဖြင့် ဇီဝိတိန္ဒြေကို ချပြန်ခဲ့သော် အကြင် မြတ်စွာဘုရား သားတော်တို့သည် အသုဘ သညာဖြင့် ကိုယ်၌လည်းကောင်း၊ အသက်၌လည်းကောင်း လွန်စွာ ငြီးငွေ့ စက်ဆုပ် ရွံရှာသည်ဖြစ်၍ အသက်ကို ဆောင်တတ်သော ဓား လက်နက်ကိုရှာယူလျက် သူတစ်ပါးတို့အား ပစ္စည်းပရိက္ခရာ ပဏ္ဏာ ပေး၍ပင် ချစေရသေးသည်။ တပည့်တော်မှာမူကား ဤသို့ မပေးရပေ။ သုနာပရန္တ တိုင်းသားများသည် လွန်စွာကောင်းပေစွဟု စိတ်အကြံကို ဖြစ်စေပါမည်ဘုရား” ဟု လျှောက်ထားလေ၏။

ဤသို့ မဟာပုဏ္ဏမထေရ်သည် မြတ်စွာဘုရား မေးတော်မူ သမျှကို ဖြေဆို လျှောက်ထားလေလျှင် မြတ်စွာဘုရားသည် “သာဓု– သာဓု–သာဓု” အစရှိသည်ဖြင့် ကောင်းချီးပေးတော်မူ၍ “ဤသို့ စိတ်နှလုံးကို ထိန်းသိမ်း စောင့်စည်းခြင်းနှင့် ပြည့်စုံသော သင်သည် သုနာပရန္တ တိုင်းဇနပုဒ်၌ နေခြင်းငှာ တတ်စွမ်းနိုင်လတ္တံ့၊ သွားလေ

www.dhammaransi.com



တော့”ဟု ခွင့်ပြုတော်မူ၏။

## မဟာပုဏ္ဏမထေရ် သုနာပရန္တတိုင်းသို့ပြန်၍ သီတင်းသုံးခြင်း

မြတ်စွာဘုရားသခင် ခွင့်ပြုတော်မူသဖြင့် မဟာပုဏ္ဏမထေရ်သည် မြတ်စွာဘုရားအား လက်ယာရစ် သုံးပတ်လှည့်၍ ရှိခိုးပူဇော်ပြီးနောက် သာဝတ္ထိပြည်မှ ယူဇနာ ၃၀၀ – ကွာဝေးသော သုနာပရန္တတိုင်း ဝါဏိဇဂါမသို့ ပြန်လာခဲ့လေ၏။ အဇ္ဈုဟတ္ထတောင် (ယခုအခါ ရွှေမြင်တင်တောင်)၌ ရှေးဦးစွာနေ၍ နံနက်မိုးသောက်သောအခါ ဝါဏိဇဂါမသို့ ဆွမ်းခံဝင်တော်မူ၏။ ညီတော် စူဠပုဏ္ဏသူကြွယ်သည် မဟာပုဏ္ဏမထေရ် ကြွလာသည်ကို သိမြင်လျှင် မိမိအိမ်သို့ပင့်၍ ဆွမ်းကပ်ပြီး အရပ်တစ်ပါးသို့ မသွားဘဲ ဤအရပ်တွင် သီတင်းသုံးရန် လျှောက်ထား တောင်းပန်လေ၏။

## မဟာပုဏ္ဏမထေရ် ရဟန္တာဖြစ်ခြင်း

မဟာပုဏ္ဏမထေရ်သည် ပထမတွင် အဇ္ဈုဟတ္ထတောင်၌လည်းကောင်း၊ ဒုတိယတွင် သမုဒ္ဒဂိရိကျောင်းရပ်(ယခုအခါ အောက်ကျောင်း)၌ လည်းကောင်း၊ တတိယတွင် မာတုလာဂိရိ(ယခုအခါ စကုမြို့) အရပ်၌လည်းကောင်း၊ စတုတ္ထတွင် မကုလာရာမအရပ်(ယခုအခါ ကျောင်းတော်ရာစေတီတော်တောင် စေတီတော်တည်ရာနှင့်တကွ တောကျောင်းကုန်းခေါ် ရေသနတ်ကုန်း)၌လည်းကောင်း ဖြစ်ပါသည်။ ထိုကျောင်းလေးကျောင်းတွင် စတုတ္ထကျောင်း၌ မဟာပုဏ္ဏမထေရ် သည် ဝါကပ်တော်မူသဖြင့် ၎င်းဝါတွင်းမှာပင် ရဟန္တာအဖြစ်သို့

www.dhammaransi.com



ရောက်တော် မူလေသည်။

## စူဠပုဏ္ဏသူကြွယ် တုန်လှုပ်သွားခြင်း

စူဠပုဏ္ဏသူကြွယ်သည် သင်္ဘောထွက်အံ့သောနေ့၌ နောင်တော် မဟာပုဏ္ဏ မထေရ်အားပင့်၍ ဆွမ်းကပ်လှူခြင်း၊ သရဏဂုံ ပဉ္စသီလကို ခံယူခြင်း တို့ကို ပြုလုပ်ပြီး "တပည့်တော်တို့သည် ယနေ့ပင် ကုန်ကူးသန်းရန် သွားလိုပါသည်။ သမုဒ္ဒရာဟူသည် ဘေးရန်များရှိပါ၍ အကြောင်း ရှိလျှင် ကြည့်ရှု စောင့်ရှောက်တော်မူပါဘုရား"ဟု လျှောက်ထားကာ ထိုနေ့မှာပင် သုပ္ပာဒကဆိပ်ကမ်း(ယခုအခေါ် ကျောင်းတော်ရာ အရှေ့ဘက်တွင်ရှိသော သစ်တော်ရွာ)မှ သင်္ဘော လွှင့်ကြကုန်၏။

သင်္ဘောသည် သမုဒ္ဒရာ၏အလယ် စန္ဒကူးနီပင်တို့ပေါက်သော မလ္လာယအမည်ရှိသော ကျွန်းသို့ ကပ်လေ၏။ ကုန်သည်တို့သည် သင်္ဘောမှ ဆင်းသက်၍ လှည့်လည် ကြည့်ကြရာတွင် အလွန် အဖိုးထိုက်တန်သော သရက္ခန် တောစန္ဒကူးနီပင်များဖြစ်၍ သင်္ဘောမှ ပစ္စည်းများကိုချပြီး စန္ဒကူးနှစ် သရက္ခန်သားတို့ကို ခုတ်ယူပြီး သင်္ဘောအပြည့် တင်ကြလေ၏။

ထိုကျွန်း၌ စန္ဒကူးတောကို စောင့်ရှောက်ကြသော နတ်ဘီလူးတို့သည် ပြင်းစွာ အမျက်ထွက်ကြကုန်၍ "ကုန်သည်များကို တစ်ယောက်မကျန် သတ်ကြကုန်အံ့"ဟုဆို၏။

ထို့နောက် "ကျွန်းပေါ်တွင်သတ်ပါက လူသေကောင်တို့၏ ပုပ်သိုးသော အနံ့တို့ဖြင့် ကျွန်းမသန့်ရှင်းဖြစ်ရာ၏။ သမုဒ္ဒရာအလယ် ရောက်မှ သင်္ဘောကိုနစ်စေ၍ သတ်ကြရန် တိုင်ပင်ကြကုန်၏။

www.dhammaransi.com



## စူဠပုဏ္ဏနှင့် ကုန်သည်တို့ အန္တရာယ်တွေ့ကြုံခြင်း

ကုန်သည်တို့၏ သင်္ဘောသည် ကျွန်းမှထွက်ခွာ၍ သမုဒ္ဒရာအလယ်သို့ ရောက်သောအခါ နတ်ဘီလူးတို့သည် ကောင်းကင်ခရီးဖြင့်လိုက်၍ လှိုင်းတံပိုးတို့ကို ထစေခြင်း၊ ကြောက်မက်ဖွယ်သော ကိုယ်အဆင်း သဏ္ဌာန် အသံ အနံ့တို့ကိုဖြစ်စေခြင်း စသည်တို့ဖြင့် ဝိုင်းဝန်းကြကုန်၏။ ကုန်သည်တို့သည် သေအံ့သောဘေးမှ လွန်စွာ ကြောက်လန့်၍ မိဘတို့ကို တ,သခြင်း၊ ရိုးရာနတ်တို့ကို တောင့်တတောင်းပန်ခြင်းပြု၍ သည်းထန်စွာ ငိုကြွေးကြကုန်၏။

စူဠသူကြွယ်သည် သင်္ဘောဦးမှရပ်လျက် မဟာပုဏ္ဏမထေရ်အား ရည်စူးပြီး "တပည့်တော်တို့နှင့်အတူ ကုန်သည်ငါးရာတို့မှာ ဘေးအန္တရာယ်များနှင့် တွေ့ကြုံနေကြရသဖြင့် နောင်တော်ဘုရားသည် တပည့်တော်တို့၏ ကိုးစားရာ ဖြစ်တော်မူပါဘုရား"ဟု လျှောက်ထား တမ်းတလေသည်။

## မဟာပုဏ္ဏမထေရ် ကယ်မခြင်း

ထိုသို့ တိုင်တန်းဆဲတစ်ခဏ၌ မဟာပုဏ္ဏမထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွမြန်းတော်မူလာပြီး သင်္ဘော၏ရှေ့တွင် ရပ်လေ၏။ နတ်ဘီလူးတို့လည်း ရှင်မဟာပုဏ္ဏမထေရ်ကိုမြင်လျှင် ကွယ်ပျောက်၍ သွားကြလေ၏။ လှိုင်းတံပိုးတို့လည်း ခဏချင်း ငြိမ်းပျောက်သွားလေ၏။

ထိုအခါ မဟာပုဏ္ဏမထေရ်သည် ကုန်သည်အပေါင်းတို့အား "မကြောက်ကြနှင့်"ဟု မိန့်တော်မူပြီးလျှင် သွားလိုရာသော အရပ်ကို

www.dhammaransi.com



ပြောကြားရန် မိန့်တော်မူသော် အားလုံးကပင် "နေရပ်ဖြစ်သော ဝါဏိဇ္ဇဂါမသို့သာ ပြန်လိုပါသည် ဘုရား"ဟု လျှောက်ထားသည့် အခါ မဟာပုဏ္ဏမထေရ်သည် သင်္ဘောပဲ့တက်ကို ဖြေတော်ဖြင့်နင်း လျက် "ဤသင်္ဘောသည် ကုန်သည်တို့အလိုရှိရာ ဝါဏိဇ္ဇဂါမသို့ ဘေးအန္တရာယ်မရှိဘဲ လျင်မြန်စွာ ရောက်ပါစေသတည်း" ဟု အဓိဋ္ဌာန်တော်မူခဲ့ပြီးလျှင် မိမိနေရာကျောင်းသို့ ကောင်းကင်ခရီးဖြင့် ကြွမြန်းတော်မူလေ၏။

ကုန်သည်တို့သည် မိဋ္ဌာန်တော်မူခဲ့သည့်အတိုင်း မိမိတို့နေရာ ရောက်ကြသဖြင့် မိဘ, သားမယား, ဆွေမျိုးမိတ်သင်္ဂဟတို့အား ဘေးအန္တရာယ်ကြုံရသည်မှ ဝါဏိဇ္ဇဂါမသို့ ပြန်ရောက်သည့်တိုင်အောင် အရှင်မဟာပုဏ္ဏမထေရ်၏ တန်ခိုးအာနုဘော် အလွန်ကြီးမားပုံ ကျေးဇူးတော်တို့ကို ဖော်ပြ ပြောဆိုကြသဖြင့် ငါးရာသော ဇနီးတို့နှင့် တကွ မဟာပုဏ္ဏမထေရ်မြတ်၏ ကျောင်းသို့ လာကြပြီး သရဏဂုံ သီလကို ခံယူဆောက်တည်ကြသဖြင့် ရတနာသုံးပါးသည်လျှင် ကိုးကွယ်ရာရှိသော ဥပါသကာ ဥပါသိကာများအဖြစ်သို့ ရောက်ကြ လေကုန်၏။

## ကုန်သည်တို့ စန္ဒကူးနံ့သာလှူ၍ ကျောင်းဆောက်ခြင်း

တစ်နေ့သောအခါ ကုန်သည်တို့သည် သင်္ဘောတွင် တင်ဆောင်လာ သော စန္ဒကူးတို့ကို အသီးသီး ဝေငှကြရာ မဟာပုဏ္ဏမထေရ်အား တစ်ဖို့တစ်စုပြု၍ လှူဒါန်းကြကုန်၏။ မထေရ်မြတ်လည်း "ဥပါသကာ တို့၊ ငါ့အား ဤစန္ဒကူးဖြင့် ပြုဖွယ်ကိစ္စသည် မရှိ၊ သင်တို့သည်

www.dhammaransi.com



ငါ၏ဆရာဖြစ်သော မြတ်စွာဘုရားကို ဖူးမြင်ကြဖူး၏လော”ဟု မေးတော်မူ၏။ ကုန်သည်တို့သည် “မဖူးမြင်ရဖူးပါဘုရား”ဟု လျှောက်ထားကြကုန်၏။

မထေရ်မြတ်လည်း “ဥပါသကာတို့၊ ငါ၏ အဖို့အစုပြု၍ လှူသော စန္ဒကူးတိုင်တို့ဖြင့် မြတ်စွာဘုရားကို ရည်မှတ်၍ တန်ဆောင်းဝန်းကျင် ကျောင်းတော်ကို ဆောက်လုပ် လှူဒါန်းလျှင် အစိန္တေယျ မြတ်စွာဘုရားကို သင်တို့ ဖူးမြင်ရလတ္တံ့.”ဟု မိန့်တော်မူ၏။

ငါးရာသော ကုန်သည်တို့လည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကျောင်းတော်ဆောက်လုပ်ရန် တာဝန်ယူကြပြီးလျှင် မဟာပုဏ္ဏမထေရ်အား လှူဒါန်းသော စန္ဒကူးတို့ ဖြင့်လည်းကောင်း၊ မိမိတို့အဖို့ အစုရှိသော စန္ဒကူးတို့ဖြင့်လည်းကောင်း ကောင်းမြတ်သန့်စင်သော နေရာ(မကုလာရာမ) အရပ်၌ သုတ်သင် ညီညွတ်ပြီးလျှင် စန္ဒကူးဖြင့်ပြီးသော တန်ဆောင်းဝန်း ကျောင်းတော်ကို ဆောက်လုပ်ကြကုန်၏။ ထိုကျောင်းတော်သည် အဆောင်ပေါင်း ၁၀၈ ဆောင်ရှိသော ဟူ၏။

စန္ဒကူး ဂန္ဓာရုံကျောင်းတော်ကြီး ပြီးစီးပြီးနောက် စူဠပုဏ္ဏသူကြွယ်နှင့် ကုန်သည်အပေါင်းတို့သည် ဆွမ်းစသော လှူဒါန်းဖွယ်ရာများကို ပြုပြင် စီရင်ကြပြီးလျှင် အရှင်မဟာပုဏ္ဏမထေရ်မြတ်ထံတော်သို့ ချဉ်းကပ်၍ “ကျောင်းတော်ကြီးနှင့် ပြုဖွယ်ကိစ္စများ ပြည့်စုံ ပြီးစီးပြီဖြစ်ပါ၍ မြတ်စွာဘုရားသခင် ကြွတော်မူအောင် လျှောက်ထား ပင့်ဆောင်တော်မူပါဘုရား”ဟု လျှောက်ထားကြလေ၏။

www.dhammaransi.com



## မဟာပုဏ္ဏမထေရ် ဘုရားသခင်အား ဝင့်လျှောက်ခြင်း

အရှင်မဟာပုဏ္ဏမထေရ်သည် သာဝတ္ထိပြည်သို့ ကောင်းကင်ခရီးဖြင့် ကြွမြန်းတော်မူပြီးလျှင် ဘုရားသခင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ဝင်၍ ငါးပါးသော ရှိခိုးခြင်းဖြင့် ဤသို့ နားတော်လျှောက်၏။

"ဘုန်းတော်ကြီး မြတ်တော်မူသော မြတ်စွာဘုရား၊ ဝါဏိဇ္ဇဂါမရွာသား စူဠပုဏ္ဏသူဌေးကြီးနှင့် အပေါင်းပါကုန်သည် ငါးရာတို့သည် အရှင်ဘုရား၏ ခြေတော်မြတ်အစုံကို လေးမြတ် ရိုကျိုးရှိခိုး ပူဇော်လိုသည်ဖြစ်ပါ၍ စန္ဒကူးနံ့ဖြင့်ပြီးသော ဂန္ဓာရုံကျောင်းတော်ကြီးကို ဆောက်လုပ် ပြီးစီးပါပြီဘုရား။ ထို ကုန်သည်ငါးရာ ဥပါသကာတို့အား သနားတော်မူပါသဖြင့် သုနာပရန္တ တိုင်း ဝါဏိဇ္ဇဂါမသို့ ကျောင်းတော်ကြီးအား အလှူခံ ကြွတော်မူပါဘုရား"ဟု လျှောက်တား ပင့်ဆောင်လေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ပစ္စန္တ ရစ်အရပ်ဖြစ်သော သုနာပရန္တတိုင်း၌ နောင်အခါ သာသနာ အနှစ်ငါးထောင် ကာလ ပတ်လုံးတည်၍ လူ့ပြည်နတ်ထံ နိဗ္ဗာန်လမ်းမကြီး ခရီးထင်ထင် သက်ဝင် ဆိုက်ရောက်ကြရလတ္တံ့သည်ကို မြင်တော်မူ၍ သတ္တဝါတို့ကို ရာဟုလာ ရင်သွေးကဲ့သို့ ချစ်သနားတော်မူသဖြင့် ကြွတော်မူအံ့သော အကြောင်း နိမိတ်တို့ဖြင့်ဆိတ်ဆိတ် သည်းခံတော်မူ၏။

ထိုသို့ သည်းခံတော်မူသည့်အတွက် ရှင်မဟာပုဏ္ဏမထေရ်သည် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ပြန်လည်ကြွတော်မူပြီးလျှင် ကုန်သည်တို့အား "ဥပါသကာတို့၊ မနက်ဖြန်မိုးသောက်လျှင် မြတ်စွာ

www.dhammaransi.com



ဘုရားကို သင်တို့ ဖူးမြင်ရလတ္တံ့."ဟု မိန့်တော်မူ၏။ သူကြွယ် ကုန်သည် ငါးရာတို့လည်း ဝမ်းမြောက်ကြပြီးလျှင် လှူဒါန်းပူဇော်ရာ ဝတ္ထုအစုစုတို့ကိုပြင်ဆင်မွမ်းမံကာ မျှော်လင့်စောင့်စားနေကြကုန်၏။

## ရတနာပြာသာဒ်ငါးရာ ဖန်ဆင်း၍ သိကြားမင်းလှူခြင်း

ထိုအခါ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာခြင်းအဖြစ်သို့ ရောက်၍ သိကြားမင်း ကြည့်ရှု ဆင်ခြင်သည့်အခါ သုံးလောကထွတ်ထား ဘုရားရှင်အလိုတော်အား သိသဖြင့် ဝိသကြုံ နတ်သားကို ခေါ်ပြီးလျှင် "အချင်း ဝိသကြုံနတ်သား၊ မနက်ဖြန် မြတ်စွာဘုရားသခင်သည် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ကြွမြန်း တော်မူလိမ့်မည်။ ငါးရာသော ရတနာပြာသာဒ်စုံကို ဖန်ဆင်း၍ ခင်းကျင်းစီမံချေ"ဟု မိန့်မှာ စေလွှတ်လိုက်၏။


ဝိသကြုံနတ်သားလည်း သိကြားမင်း၏ အမိန့်အတိုင်း သုံးမျိုးသော ပြာသာဒ်အစုံ ငါးရာတို့ကို ရှေ့နောက်အစဉ် ဖန်ဆင်း၍ ခင်းကျင်းကာ အသင့်ပြုထားလေ၏။

(က) မြတ်စွာဘုရား သီတင်းသုံးတော်မူရန် မုခ် လေးဘက်ရှိသော ပြာသာဒ်။

(ခ) အဂ္ဂသာဝကနှစ်ပါး သီတင်းသုံးတော်မူရန် မုခ် နှစ်ဘက်ရှိသော ပြာသာဒ်။

(ဂ) ကြွင်းသော သာဝကတို့ သီတင်းသုံးတော်မူရန် မုခ်ထွက်တစ်ဘက်ရှိသော ပြာသာဒ်။

www.dhammaransi.com



မပြုပြင်ခင်စေတီတော်ပုံ

www.dhammaransi.com



# မြတ်စွာဘုရား သုနာပရန္တတိုင်း ကြွတော်မူခြင်း

မြတ်စွာဘုရားသခင်သည် မဟာပုဏ္ဏမထေရ် လျှောက်ထားခြင်းကြောင့် ဝါတော်၂၀ – တွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ကြွတော်မူရန် ဘိုးတော် အဥ္ဇနမင်းကြီး ဖြိုခွင်းသော သက္ကရာဇ် ၁၂၃ ခုနှစ်၊ ဝါဆိုလဆုတ် ၈ – ရက်နေ့ နံနက်မိုးသောက်တွင် မုခ်လေးဘက်ရှိသော ပြာသာဒ်အတွင်း ဝင်တော်မူ၏။

www.dhammaransi.com



အဂ္ဂသာဝကနှစ်ပါးတို့သည် မုခ်နှစ်ဘက်ရှိသော ပြာသာဒ်များတွင်လည်းကောင်း၊ ကြွင်းသော မဟာသာဝကတို့သည် မုခ်တစ်ဘက်ရှိသော ပြာသာဒ်တို့၌ အသီးသီး စံပယ်တော်မူကြပြီးလျှင် ရတနာပြာသာဒ် ယာဉ်ပျံငါးရာတို့သည် အာကာသခရီးဖြင့် ပျံသွားလေကုန်၏။ နောက်ဆုံးပြာသာဒ်တစ်ဆူမှာမူကား အလွတ်သာလျှင် လိုက်ပါလာလေ၏။

## သစ္စဗန္ဓရသေ့ ရဟန္တာဖြစ်တော်မူခြင်း

ဤသို့ ကြွမြန်းသွားရာတွင် သစ္စဗန္ဓတောင်သို့ ရောက်သောအခါ ပြာသာဒ်ယာဉ်ကို ရပ်တန့်လျက် သစ္စဗန္ဓတောင်ထိပ်သို့ဆင်း၍ သစ္စဗန္ဓရသေ့အား တရားဟောတော်မူလျှင် အဘိညာဉ် သမာပတ်နှင့်တကွ ရဟန္တာအဖြစ်သို့ရောက်သဖြင့် "ဧဟိဘိက္ခုရဟန်း" ပြုတော်မူလေ၏။

ဤကဲ့သို့ ရဟန်းပြုပြီးလျှင် ဘုရားသခင်သည် သစ္စဗန္ဓမထေရ်အား နောက်ဆုံး အလွတ်ပါလာသောပြာသာဒ်၌ စံပယ်စေလျက် အစဉ်အားဖြင့် ကြွသွားတော်မူရာ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ရောက်တော်မူလျှင် ပြာသာဒ်ငါးရာကို လူတို့ မထင်မမြင်ရအောင် တန်ခိုးတော်ဖြင့် ကွယ်စေ၍ ဝါဏိဇ္ဇဂါမသို့ ဝင်တော်မူလေ၏။ ကုန်သည်ငါးရာနှင့် သူကြွယ်တို့သည် ဘုရားသခင်အား သရက္ခန်စန္ဒကူး ဂန္ဓာရုံကျောင်းတော်သို့ ပင့်ဆောင်ကြလေကုန်၏။

မြတ်စွာဘုရားသခင်သည် ကျောင်းတော်ကို အလှူခံပြီး ခုနစ်ရက် သီတင်းသုံးတော်မူလျက် ရောက်လာသော ပရိသတ်တို့

www.dhammaransi.com



အား စရိုက်နှင့်လျော်စွာ တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးတော်မူသဖြင့် ရှစ်သောင်းလေးထောင် ခုနစ်လီသော ပရိသတ်တို့ကို ပါရမီဉာဏ သမ္ဘာရအလိုက် ထိုက်သင့်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ခံယူ ပန်ဆင်ကြလေကုန်၏။

## ဘုရားသခင် ကေလာသဗ(စက္ကိန်းတဲ)တောင်သို့ ကြွတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ဂန္ဓာရုံကျောင်းတော်ကြီး၌ ခုနစ်ရက် သီတင်းသုံးတော်မူပြီးနောက် အရှင်ပုဏ္ဏမထေရ်အား ခေါ်တော်မူ၍ "ချစ်သား၊ သင်သည် ဤ သုနာပရန္တတိုင်းအရပ်၌ သတ္တဝါပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ နေရစ်ခဲ့လော့"ဟု မိန့်မှာထားခဲ့ပြီး ရဟန္တာများနှင့်တကွ သာဝတ္ထိပြည်သို့ ပြန်လည် ကြွမြန်းတော်မူသည်။

ထိုသို့ ကြွတော်မူရာတွင် ရှေး နောင်တော်ဘုရားများ၏ အစဉ်အလာအရ ကြွမြန်းပြီး သီတင်းသုံးကိန်းစက်တော်မူခဲ့ပြီးဖြစ်သော (ဆားပွက်တောင်–ရွှံ့ဗွက်တောင်) နဂါးပွက်တောင်ဟု ခေါ်တွင်သော တောင်ညီတို့ဖြင့် ခြံရံသော ကေလာသဖ(ယခုစက္ကိန်းတဲ) တောင်ထိပ်သို့ ဆင်းသက်တော် မူလေသည်။

## သိကြားမင်းက မြသလွန်နှင့် မြသဗိတ် လှူဒါန်းခြင်း

သိကြားမင်းသည်လည်း ဂေါတမမြတ်စွာဘုရားသခင်သည် ရှေး နောင်တော်များ ကြွမြန်း သီတင်းသုံးတော်မူသည့် ကေလာသဖတောင်တော်သို့ ကြွရောက်လျက်ရှိသဖြင့် ကျိန်းစက်တော်မူရန် သလွန်တော်ကို လှူဒါန်းမြဲဖြစ်သည်ကို သိသဖြင့် မြသားအတိပြီးသော

www.dhammaransi.com



မြသလွန်တော်နှင့် မြသပိတ်တော်တို့ကို ဆက်ကပ်လှူဒါန်းလေ၏။

ဗြဟ္မာမင်းကလည်း ထီးဖြူတော်ဖြင့်မိုး၍ ပူဇော်ဆည်းကပ်လာသည်။ ပတ်ဝန်းကျင်ရှိ နတ်အပေါင်းတို့လည်း လာရောက်ပူဇော်သက္ကာယ ပြုကြလေကုန်၏။ မြတ်စွာဘုရားသခင်သည် ကေလာသဖတောင်တော်သို့ ရောက်ရှိနေကြောင်းကို ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း တောအုပ်တစ်ခုတွင် နေထိုင်ကြသော ဘောကျော်၊ ဘောသော်၊ ဘောသူရ၊ ဘောရသ၊ ယက္ခသာကီ၊ ယက္ခဒါလိ အမည်ရှိသော ဘီလူး ညီအစ်ကို မောင်နှမ ခြောက်ယောက်တို့အနက် နှမနှစ်ယောက်တို့အား အသိမပေး မပြောကြားဘဲ လေးယောက်သော ညီနောင်ရင်း ဘီလူးမင်းတို့သည် ကြစု၊ ဖန်ခါး သစ်သီးများကို ဆွတ်ခူး၍ ဘုရားသခင်ထံ လာရောက်ပြီး ဘေသဇ္ဇအမှတ် ဆက်ကပ်လှူဒါန်း ပူဇော်ကြလေသည်။

မြတ်စွာဘုရားသခင်လည်း သိကြားမင်းလှူဒါန်းသောမြသပိတ်တော်နှင့် အလှူခံပြီးနောက် ဘီလူးညီနောင်တို့အား ပါဏာတိပါတာ မာကရဟု ဒေသနက္ကမအစဉ်ဖြင့် သွန်သင်ဆုံးမတော်မူရာတွင် ဓမ္မာဘိသမယ တရားရကြလေကုန်၏။

## စကြံတော်ဟု ခေါ်တွင်ခြင်း

မြတ်စွာဘုရားသခင်သည် ကေသာလဖတောင်တွင် ကိန်းစက်တည်းခိုတော်မူခိုက် ၎င်းတောင်၏ အနောက်ဘက်ယွန်းယွန်းတွင် တောင်နှင့်မြောက် သွယ်တန်းလျက်ရှိသော တောင်ပေါ်တွင် စင်္ကြံလျှောက်တော်မူခဲ့သဖြင့် ၎င်း စင်္ကြံလျှောက်သောတောင်ကို "စင်္ကြံ

www.dhammaransi.com



တောင်”ဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

## လိပ်တောင်ဟု ခေါ်တွင်ခြင်း

စကြံတောင်၏ တောင်ဘက်တွင်ရှိသော တောင်ပေါ်တွင် ဘုရားသခင်သည် ကိုယ်လက်သန့်စင် ရေသပ္ပာယ်ပြီး၍ သင်္ကန်းတော်ကို လျှော်ဖွပ် ခြောက်သွေ့အောင် နေလှန်းခဲ့ပြီး လိပ်တင်တော်မူသောတောင်ဖြစ်၍ ၎င်းတောင်ကို သင်္ကန်းလိပ်တောင် “လိပ်တောင်”ဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

## စက္ကိန်းတဲတောင်ဟု ခေါ်တွင်ခြင်း

မြတ်စွာဘုရားသခင်သည် ကေလာသဖတောင်ထိပ်တွင် သိကြားမင်းဆက်ကပ်လှူဒါန်းအပ်သော မြသားသလွန်ပေါ်၌ ဖလသမာပတ်ကို ဝင်စားလျက် ကိန်းစက်တော်မူလေသည်။ ဤကေလာသဖတောင်သည် အဝိဇဟိတဗ္ဗ ဌာနဖြစ်၍ ဘုရားရှင်တို့ မစွန့်ပယ်အပ်သောနေရာဖြစ်သောကြောင့် အဆူဆူသော ဘုရားရှင်တို့ ကြွရောက်ကိန်းစက်တော်မူသည်ကို အကြောင်းပြု၍ “စက္ကိန်းတဲတောင်”ဟု ခေါ်ဝေါ် ကြလေသည်။

## မြတ်စွာဘုရား သလွန်တော် ပေးသနားခြင်း

မြတ်စွာဘုရားသခင်သည် ကေလာသဖတောင်ထိပ်တွင် ကိန်းစက်ပြီး နံနက်မိုးသောက်ရောက်၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လည် ကြွမြန်းမည်ပြုစဉ် ဘီလူးညီနောင်တို့သည် ဘုရားသခင်အား ရောဝတီမြစ် အရှေ့ဘက်ကမ်းသို့ ကြွမြန်းတော်မူရန်

www.dhammaransi.com



လျှောက်ထားကြလေသည်။ ဘုရားသခင်သည် "ရှေး နောင်တော် ဘုရားများ ကြွရိုးထုံးတမ်းစဉ်လာ မရှိသဖြင့် ကြွရောက်တော် မမူလိုကြောင်း" မိန့်တော်မူလေသည်။

ထိုအခါ ဘီလူးညီနောင်တို့က "လောကုတ္တရာအကျိုးငှာ အစဉ် ကိုးကွယ် ဆည်းကပ်နိုင်ကြပါစေရန် ကိုယ်စားတော်တစ်ခု ပေးသနားတော်မူပါရန်" ထပ်မံလျှောက်ထား တောင်းပန်နေကြပြန် သဖြင့် မြတ်စွာဘုရားသခင်သည် သိကြားမင်းဆက်ကပ်၍ လဲလျောင်း ကိန်းစက်ရာဖြစ်သော မြသလွန်တော်ကို ပေးသနားတော်မူပြီးလျှင် "ငါကိန်းစက်တော်မူသော ကေလာသာဖဒေသနှင့် မြသလွန်တည်ရာ နရုတ္တမဒေသတို့တွင် နောင်သောအခါ သာသနာပွင့်လင်း၍ စည် ကားပြီး နဂရမြို့ကြီးများ ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား မြွက်ကြား တော် မူခဲ့လေ၏။

## ဘုရားသခင် မြသပိတ်တော်ကို ရေမျှောခြင်း

ထို့နောက် မြတ်စွာဘုရားသခင်သည် ရှေးနောင်တော် ဘုရားများ၏ ပြုမြဲတံထွာ ဓမ္မတာအတိုင်း ကြည့်ရှု ဆင်ခြင်တော်မူပြီး သတ္တဝါ ဝေနေယျအများတို့အား သနားတော်မူသဖြင့် သိကြားမင်း လှူဒါန်း အပ်သော မြသပိတ်တော်ကို ဧရာဝတီမြစ်အတွင်းချ၍ ရေမျှော တော် မူလေသည်။

မြတ်စွာဘုရား၏ ကိုယ်စားတော် မြသပိတ်တော်ကို ရကြ၍ အလွန် ဝမ်းသာကြသဖြင့် ညီငယ် ဘောသူရနှင့် ဘောရသတို့ နှစ်ယောက်တို့အား မြစ်အရှေ့ဘက်သို့ လက်ဦးအရင် ပြန်စေပြီး

www.dhammaransi.com



၎င်းတို့ နေရာဒေသတွင် ကြိုတင်၍ မြသလွန်တော်အတွက် အစီအစဉ်များ ပြုလုပ်ထားရန်နှင့် စေလွှတ်လိုက်လေသည်။

ဘောကျော်, ဘောသော်တို့ညီနောင်နှစ်ဦးက မြသလွန်တော်ကို ကေလာသဖတောင်ပေါ်မှ ပင့်ဆောင်ပြီး တောင်ပေါ်မှ ဆင်းကြလေ၏။ ဧရာဝတီမြစ်ကို ဖြတ်မကူးမီ မြသလွန်တော်ကို ကေလာသဖတောင်၏ အရှေ့ဘက် မြစ်ကမ်းနဖူးတွင် ချထား၍ သက္ကာရပြုပြီးမှ ဧရာဝတီမြစ်ကိုဖြတ်ပြီး အရှေ့ဘက်ကမ်း ၎င်းတို့နေထိုင်ရာဒေသသို့ ပင့်ဆောင်သွားကြလေသည်။

## မြသလွန်စေတီ တည်ထားကိုးကွယ်ခြင်း

ဘီလူးညီနောင်တို့သည် မြသလွန်တော်ကို ပင့်ဆောင်၍ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းသို့ ကူးသွားပြီးနောက် ထို သလွန်တော်ကို ဌာပနာ၍ စေတီတော် တည်ထား ကိုးကွယ်ကြလေသည်။ ထိုသို့ မြသလွန်တော်ကို ဌာပနာ၍ တည်ထားခြင်းကြောင့် ယခုအခါ "မြသလွန်စေတီ"ဟု ခေါ်ဝေါ်သမုတ် အမည်တွင်လျက် မကွေးမြို့တွင် ရှိလေ၏။

## စတ္တိန်းတဲ စေတီတော်တည်ခြင်း

မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ကြွမြန်းတည်းခို ကိန်းစက်တော်မူသော နေရာဌာန ကေလာသဖ တောင်တော်ပေါ်တွင် နောင်လာနောက်သား ရဟန်းရှင်လူအများတို့ ကြည်ညိုဖူးမြော်နိုင်ကြစေရန် လည်းကောင်း၊ အထိမ်းအမှတ်အဖြစ်ဖြင့် လည်းကောင်း သိကြား

www.dhammaransi.com



မင်းကိုယ်တိုင် စေတီတစ်ဆူ တည်ထားခဲ့လေသည်။

မြတ်စွာဘုရားသခင်တို့ ကိန်းစက်တော်မူမြဲဖြစ်သည့် နေရာ တောင်ထိပ်တွင် ဘုရားသခင် တည်းခိုကိန်းစက်သော တည်းကျောင်း မဏ္ဍပ်ကို ထို စက္ကိန်းကဲတောင်၌ ဌာပနာပြီး စေတီတော် တည် ထားသဖြင့် "ရှင်ပင်စက္ကိန်းတဲစေတီ"ဟု ခေါ်တွင်လေသည်။

## သလွန်ချ စေတီတော် တည်ခြင်း

ဘောကျော်နှင့် ဘောသော် ဘီလူးညီနောင်တို့ မြသလွန်တော်ကို မြစ်ကမ်းနားတွင်ချ၍ သက္ကာယပြုသည့်နေရာတွင်လည်း စေတီ တစ်ဆူ တည်ထားခြင်းပြုသည်။ ၎င်းစေတီကို "သလွန်ချစေတီ"ဟု အမည်ပေးခဲ့လေသည်။

## မြသပိတ်မျှော စေတီ

မြတ်စွာဘုရားသခင် မြသပိတ်တော်ကို မြစ်တွင်ချမျှောသည့်နေရာ ၌လည်း စေတီတစ်ဆူ တည်ထားခြင်းပြုပြီးလျှင် "မြသပိတ်မျှော စေတီ" ဟု အမည်ပေးခဲ့လေသည်။

## မြသပိတ်စေတီတော် တည်ထားခြင်း

မြတ်စွာဘုရားသခင် ရေတွင်ချ၍ မျှောလိုက်သော မြသပိတ်တော် သည် မြစ်ကြောင်းအတိုင်း မျောပါသွားရာ မလွန်အရပ် ရောက်သော အခါ ဆယ်ယူကြပြီး ဌာပနာ၍ စေတီတည်ထားခြင်းကြောင့် ၎င်း စေတီတော်ကို "မြသပိတ်စေတီတော်"ဟု ခေါ်တွင်ကြလေသည်။

www.dhammaransi.com



## အောက်ခြေတော်ရာ ချတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ကေလာသဖတောင်တွင် တန့်နား ကိန်းစက် သီတင်းသုံးတော်မူပြီးနောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူရာ ယောနကတိုင်း နမ္မဒါမြစ်(ယခုအခေါ် မန်းချောင်း)နားသို့ ရောက်တော်မူလျှင် နမ္မဒါနဂါးမင်းသည် နဂါးပြည်သို့ပင့်သဖြင့် နဂါးအပေါင်းတို့အား တရားဟောတော်မူ၍ တစ်ဖန်ပြန်လည် ကြွတော်မူခဲ့ရာ နမ္မဒါမြစ်သို့ ရောက်တော်မူပြန်၏။

နမ္မဒါနဂါးမင်း၏ တောင်းပန် လျှောက်ထားသောကြောင့် နမ္မဒါမြစ် အနောက်ဘက်ကမ်းထိပ် ကျောက်ဖျာပေါ်တွင် သုဝဏ္ဏရွှေပြားတွင် တံဆိပ်တုံး သားသကဲ့သို့ ဘုရားမြတ်စွာ စိန္တေယျာသည် တစ်ရာ့ရှစ်ဖြာ စက်လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ခြေတော်ရာ ဝဲဘက်တော်ကို ချထားတော် မူခဲ့ပါသဖြင့် ယခုတိုင် "အောက်စက်တော်ရာ" ဟု ထင်ရှားစွာ တည်ရှိတော်မူလေသည်။

## အထက်ခြေတော်ရာ ချတော်မူခြင်း

ဘုရားရှင် ကိုယ်တော်မြတ်သည် ထိုမှတစ်ဖန် သစ္စဗန္ဓက တောင်ထိပ်သို့ ကြွမြန်းတော်မူပြန်၍ သစ္စဗန္ဓကမထေရ်အား ဤသို့ မိန့်မှာတော်မူ၏။ "ချစ်သား၊ ရှေးရှေးအခါက ဤနေရာတွင် ဗာဟိရရသေ့ အစလေ့ဖြင့် ပျော်မွေ့နေစဉ် ကုမဂ်တာ သတ္တဝါကို မိစ္ဆာမှောင်ကြီး လမ်းခရီးဖြင့် လိုးလွဲ ညွှန်ပြဖူးချေသည်။ ယခုမူကား သင် ညွှန်ကြားသည့် တရားမဟုတ်၊ မိစ္ဆာယုတ်ကို သင်နုတ်၍ပင် ဤတွင်နေရစ်

www.dhammaransi.com



လော့”ဟု မိန့်တော်မူလေလျှင် သစ္စဗန္ဓကမထေရ်လည်း ဤသို့လျှောက်၏။

“အရှင်ဘုရား၊ ကြွတော်မူရာ မလိုက်ပါရလျှင် တပည့်တော်အား သနားတော်မူပါသဖြင့် နေ့ညဉ့်မပြတ် ဆည်းကပ် ကိုးကွယ်နိုင်ရန် တစ်စုံတစ်ရာ ကိုယ်စားတော် သနားပေးအပ်တော်မူပါဘုရား” ဟု လျှောက်ထား တောင်းပန်လေ၏။

ဤသို့ တောင်းပန်သည်ကို အကြောင်းပြု၍ သစ္စဗန္ဓကတောင်တော် မြကျောက်ပေါ်၌ (သေလပဗ္ဗတ တောင်ထိပ်၌) ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် ပျော့စွာရွှံ့ထိတ် တံဆိပ်နှိပ်သို့ ဖိတ်ဖိတ်ပြိုးပြက် (ရာ့ရှစ်ကွက်) နှင့် စက်လက္ခဏာ အထက်ခြေတော်ရာကို (ကွင်းကွင်းထင်အောင်)ချထားတော်မူခဲ့လေပြီးလျှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွမြန်းတော်မူလေသည်။

www.dhammaransi.com



# ရှေးမြန်မာမင်းများ၏
# ဆောင်ရွက်ချက်များ

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာသက္ကရာဇ် ၁၂၃ - ခုနှစ်တွင် သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းသည် "ဘုရားကိုယ်တော်တိုင် ကြွမြန်း၍ သီတင်းသုံးတော်မူသော သရက္ခန် စန္ဒကူး ဂန္ဓာရုံ ကျောင်းတော်ရာ၌ တည်ထားသော စေတီတော် သည် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမတွင် တည်ရှိကြောင်း" ပုရပိုက် စာမူအရ သိရသောကြောင့် ဖူးမြော်လိုသဖြင့် မြစ်ကို ဆန်တက် လာခဲ့လေရာ သဖန်းဘောမြစ်ကွေ့သို့ ရောက်သည့်အခါ အနောက်

www.dhammaransi.com



ဘက်ကမ်းသို့ ကူးလေသည်။

အနော်က်ဘက်ကမ်း ဖောင်နန်းစံရာအနီး တောင်ပေါ်မှ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးရာ တောင်ပေါ်သို့ တက်တော်မူရာ သိကြားမင်း တည်ထားခဲ့သော စေတီတော်ကို ကမွည်းကျောက်စာနှင့်တကွ တွေ့လေသည်။

ထိုကျောက်စာအရ "မြတ်စွာဘုရားကိုယ်တော်တိုင် တည်းခိုကိန်းစက်တော်မူရာ နေရာဌာန ဖြစ်ပါကလား" ဟု စေတနာပီတိဝမ်းဆိထိအလား ပေါ်ပေါက်လာပြီး ရှိရင်းစွဲ စေတီတော်အားငုံလျက် စေတီတော်တစ်ဆူ တည်ထားပူဇော်ခဲ့လေသည်။

ယို့နောက် ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ ပထမမင်းခေါင်းတို့ ရွှေစက်တော်ဘုရားဖူး သွားကြသည့်အခါ ရှင်ပင်စကျွိန်းတဲ စေတီတော်ကို ဝင်ရောက် ဖူးမြော်၍ မွမ်းမံပြုပြင်ကြကြောင်းနှင့် နရပတေ့စည်သူမင်းသည် မူလစေတီတော်အား ငုံ၍ချဲ့ထွင်ပြီး စေတီ တည်ထားခဲ့ပြန်လေသည်။

ရှေးမင်းများအဆက်ဆက် စကုမြို့ဝန်က ကြီးကြပ်၍ နှစ်စဉ်နှစ်တိုင်း တော်သလင်းလဆန်း ၈ – ရက်နေ့မှ လပြည့်နေ့အထိ ကုန်းပွဲ ရေပွဲနှင့် ဇာတ်ပွဲများပါ ခမ်းခမ်းနားနား သိုက်မြိုက်စည်းကား စွာ ပွဲတော်များ ကျင်းပခဲ့ကြလေသည်။ ကောဇာသက္ကရာဇ် ၁၁၀၆ – ခုနှစ် ညောင်ရမ်းဆက် မဟာဓမ္မရာဇာမင်း လက်ထက်၌ စကုနှင့် လယ်ကိုင်းမြို့နှစ်မြို့ မြို့ဝန် ဦးစစ်က ထပ်မံ ပြုပြင်ခဲ့သည်။ ၎င်း နောက် ၁၂၁၃ – ခုနှစ် ပုဂံမင်းလက်ထက်တွင် ထန်းပင်ရွာ ပဲ့နင်းကြီး ဦးပဲ ပြင်ဆင်တည်ဆောက်ခဲ့ပြန်သည်။

www.dhammaransi.com



## ဝတ္တကမြေ အပိုင်းအခြား

ထို့ပြင်တဝ နရပတေ့စည်သူမင်းက လှူဒါန်းခဲ့သော ဝတ္တကမြေမှာ–

အရှေ့လားသော်– ဧရာဝတီမြစ် အလယ်အထိ

အနောက်လားသော်– စကြဲတောင်အထိ

တောင်လားသော်– နဂါးပွတ်ချောင်းအထိ

မြောက်လားသော်– ကတုတ်ချောင်းအထိ

ထိုသို့ လှူဒါန်းခဲ့ကြောင်း အမှန်ဖြစ်သည်ကို စက္ကိန်းတဲဘုရားတောင်၏ မြောက်ဘက် ကတုတ်ချောင်းအထိ ကမ်းနားလမ်းတစ်လျှောက်တွင် ရှေးမင်းများ ပြုလုပ် လှူဒါန်းထားခဲ့သော အုတ်လမ်းမကြီးများက သက်သေခံလျက်ရှိပါသည်။

သရေခေတ္တရာ ဒုတ္တဘောင်မင်းမှစ၍ ဘုန်းတန်ခိုးကြီးသော အမင်းမင်းတို့ ဖူးမြော်သော နေရာဌာန ဖြစ်သဖြင့် စက္ကိန်းတဲစေတီတည်ရှိသော နေရာဌာနအရပ်ကို "မင်းဖူး" ခေါ်ကြလေသည်။ အချိန်ကာလကြာမြင့်သဖြင့် "မင်းဘူး"ဟု ခေါ်ဆိုကြလေသည်။

## တိုင်းတစ်ပါးသားအစိုးရခေတ် စေတီတော်ကြီး ညှိုးငယ်စွာ ခံဝယ်ရခြင်း

ကောဇာသက္ကရာဇ် ၁၂၄၇ – ခုနှစ်တွင် မြန်မာတို့၏ နောက်ဆုံးဘုရင်သီပေါမင်း ပါတော်မူပြီးနောက် စေတီတော်ကြီး၏ ဝတ္တကမြေနှင့်တကွ စက္ကိန်းတဲ တောင်တော်တစ်ခုလုံးကိုပင် စစ်မြေအဖြစ် အင်္ဂလိပ်အစိုးရက သိမ်းထားခဲ့လေသည်။ လက်အောက်ခံ ငှေသားများတို့က

စေတီတော်သမိုင်း ကျောက်စာကို ရိုက်ချိုး ဖျက်ဆီးခဲ့ပါသည်။ သာသနာ့ အဆောက်အအုံ အချို့တို့ကိုလည်း ဖျက်ဆီး၍ အစိုးရအရာရှိများ အတွက် နေအိမ်များ၊ ရုံးများ၊ သံတဲများ အစရှိသည်တို့ကို ဆောက် လုပ်လျက် မင်းဘူးမြို့ကိုလည်း ခရိုင်မြို့အဖြစ် သတ်မှတ်ခြင်းပြု လေသည်။

စေတီတော်မြတ်ကြီးကို လာရောက် ဖူးမြော် ဝတ်တက် ဝတ်ကပ် ကြသည်ကိုပင် တားမြစ်ခဲ့ခြင်း အခြေအနေရှိသောကြောင့် စေတီ တော်ကြီးမှာ ညှိုးငယ်စွာ စံပယ်တော်မူခဲ့ရလေသည်။ ဤကဲ့သို့ အခြေအနေတွင် ရှိနေပြီးနောက် အင်္ဂလိပ်အစိုးရ မြန်မာပြည်မှ ဆုတ်ပြီး ဂျပန်အစိုးရ လက်ထက်တွင်လည်း စစ်ဘေးစစ်ဒဏ် စက် သေနတ်နှင့် ဗုံးတို့ကြောင့် အချို့သော သာသနာ့အဆောက်အအုံများ မီးလောင် ပျက်စီးသွားပါသည်။

အင်္ဂလိပ်အစိုးရလက်ထက် (ဝံသာနု-ဂျီ-စီ-ဘီအေ) ခေတ် တွင် မြို့ပေါ်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် မင်းတိုင်ပင်အမတ်ကြီး ဦးပု တို့သည် ဘုရား၏ ဝတ္တကမြေများ ပြန်လည်ရရှိရန် ကြိုးစား ဆောင်ရွက်ခဲ့ပါသော်လည်း အချည်းနှီးပင် ဖြစ်ပါသည်။

www.dhammaransi.com

# လွတ်လပ်သော

# အချုပ်အခြာအာဏာပိုင်ခေတ်

မြန်မာပြည် လွတ်လပ်ရေး ရပြီးသောအခါ ၁၃၁၃ - ခုနှစ် အတွင်းက ပင်စင်ရ စာရေးကြီး ဦးဘရှင်(ပင်စင်ယူပြီးနောက် ရဟန်းပြု၍ ဘွဲ့အမည်မှာ ဦးကလျာဏ၊ ဓာတ်တော်ကုန်းဘုရား တောင်ဘက်၊ လေသာကျောင်း၌ သီတင်းသုံးနေပြီးဝါတော် ၂၀ - ကျော်မှ ပျံလွန်သွားသူ) ဦးဆောင်ပြီး ရှင်ပင်စက္ကိန်းတဲ စေတီ တော်ကြီး၏ ဝတ္တကမြေများကို အစိုးရထံမှ ပြန်ရအောင် တောင်းဆိုရန် ဆော်ဩခြင်းကြောင့် မြို့ပေါ်ရှိ သံဃာတော်များနှင့် မြို့သူမြို့

www.dhammaransi.com



သားတို့သည် မြို့လုံးကျွတ် လူထုအစည်းအဝေး ခေါ်ယူ ကျင်းပကြပြီးလျှင် သံဃာတော်များအဖွဲ့ နှင့် ဘုရားဂေါပကအဖွဲ့တို့ကို ရှင်ပင်စက္ကိန်းတဲဘုရား ဝတ္တကမြေကို အစိုးရထံမှ တောင်းဆိုရန် တာဝန်လွှဲအပ်ပါကြောင်း ဆုံးဖြတ်ပါ သည်။

## ဩဝါဒါစရိယနှင့် ပထမဆုံး ဂေါပကအဖွဲ့

ငင်းဆုံးဖြတ်ချက်အရ–

၁။ တောရတိုက် မှတ်ထုတ်ကျောင်းဆရာတော် ဦးကဝိန္ဒ။

၂။ တောရတိုက် တိုက်ကျောင်းဆရာတော် ဦးစန္ဒိမာ။

၃။ တောရတိုက် ဆရာတော် ဦးတေဇ။

၄။ တောရတိုက် ပိဋကတ္တယပါဒကကျောင်းဆရာတော် ဦးဥတ္တမဝံသ – တို့

လက်မှတ်ရေးထိုးပြီး တောင်းဆိုသော မေတ္တာရပ်ခံစာ နှင့် ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော –

၁။ ဦးဖဲ–ပင်စင်စားစစ်ကဲကြီး – ဥက္ကဋ္ဌ

၂။ ဦးအုန်းခင်–လယ်ဝန်ရုံး စာရေးကြီး–အတွင်းရေးမှူး။

၃။ တောရတိုက် တိုက်ကျောင်းဆရာတော် ဦးစန္ဒိမာ။

၄။ တောရတိုက် ပိဋကတ္တယပါဒကကျောင်း ဆရာတော် ဦးဥတ္တမဝံသ – တို့

လက်မှတ်ရေးထိုးပြီး တောင်းဆိုသော မေတ္တာရပ်ခံစာ နှင့် ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော–

၁။ ဦးဖဲ–ပင်စင်စားစစ်ကဲကြီး – ဥက္ကဋ္ဌ

www.dhammaransi.com



ပြုပြင်မွန်းမံပြီးပုံ

www.dhammaransi.com



၂။ ဦးအုန်းခင်၊ လယ်ဝန်ရုံး စာရေးကြီး–အတွင်းရေးမှူး
၃။ ဦးကျော်တင်စိန်၊ ခရိုင်ရဲဗိုလ်မှူးရုံးစာရေးကြီး
တွဲဘက်အတွင်းရေးမှူး
၄။ ဦးစန်းကျော်၊ ပင်စင်စားစစ်ကဲကြီး အမှုဆောင်လူကြီး
၅။ ဦးပိုက်၊ ကုန်သည် ။
၆။ ဦးဘချမ်း၊ ပင်စင်စား
မြေတိုင်းအင်စပက်တော် ။
၇။ ဦးဘရွှေ၊ ရွှေပန်းတိမ်ဆရာ ။
၈။ ဦးဘစိန်၊ ယစ်မျိုးအရာရှိ ။
၉။ ဦးရွှေဘော်၊ ကုန်သည် ။
၁၀။ ဦးဘိုးထွား၊ ကုန်သည် – တို့ ။

လက်မှတ်ရေးထိုးပြီး တောင်းဆိုသော လျှောက်လွှာတို့ကို ပူးတွဲ၍ မင်းဘူးခရိုင်ဝန် ဦးအေးမောင်လက်ထက်တွင် နိုင်ငံတော် အစိုးရထံ ပေးပို့ တောင်းဆိုလိုက်ပါသည်။

ဤကဲ့သို့ တောင်းဆိုထားသည့်အတွင်း ၁၃၁၄ – ခုနှစ်၊ နတ်တော်လတွင် ရန်ကုန် သာသနာ့ရိပ်သာမှ နယ်လှည့်အထူး ဓမ္မကထိက ဖြစ်တော်မူသော လောကမာရဇိန် ရွှေဘိုဆရာတော် ဦးမုနိန္ဒ အရှင်မြတ်သည် မင်းဘူးမြို့သို့ ကမ္မဋ္ဌာန်းရိပ်သာ စီစဉ်ရန် အတွက် ရောက်ရှိလာပါသဖြင့် "ရှင်ပင်စက္ကိန်းတဲဝတ္တာ ကမြေကိစ္စနှင့် ပတ်သက် ၍ အစိုးရထံမှပြန်ရရှိရန် ဆောင်ရွက်နေ ခြင်းအကြောင်း"ကို ဘုရား ဂေါပကအဖွဲ့က လေယာက်ထားကြရာ ဆရာတော် ဦးမုနိန္ဒက

www.dhammaransi.com



"ရန်ကုန် ပြန်ရောက်သည့်အခါ တတ်နိုင်သလောက် ကူညီ ဆောင်ရွက်မည်ဖြစ်ကြောင်း" အမိန့်ရှိသွားခဲ့ပါသည်။

## ဝတ္ထုကမြေ အပြည့်အဝ ပြန်လည်ရရှိခြင်း

ထို့နောက် သာသနာရေးဝန်ကြီး ဝန်ကြီးချုပ်ဟောင်း ဦးနုစသည်တို့နှင့် တွေ့ဆုံ ကူညီ ဆောင်ရွက်ပေးခြင်းပြုသဖြင့် ၁၉၅၅–ခုနှစ်၊ ဇူလိုင်လ ၉–ရက် (၁၃၁၆–ခု)တွင် နိုင်ငံတော်သမ္မတကြီးက "ဘုရားဝတ္ထုကမြေနှင့်တကွ မြေပေါ်တွင် ဆောက်လုပ်ထားသော ခရိုင်ဝန် နေအိမ်နှင့် သံတဲတို့ကို မင်းဘူးခရိုင်ဝန် ဦးမျှင်လက်ထက်တွင် ဘုရားသို့ ပြန်လည် လှူဒါန်းကြောင်း၊ ဘုရားသို့ လှူဒါန်းသော ဝတ္ထုကမြေ ဧရိယာ ဧကမှာ ၁၆.၄၈၈ဖြစ်ပါကြောင်း၊ ပင်စင်ရ စာရေးကြီး ဦးဘရှင် (ရဟန်းဘွဲ့–ဦးကလျာဏ) ကို ဘုရား၏ ဝတ္ထုကမြေ ပြန်ရအောင် ဆောင်ရွက်သူ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ချီးကျူးကြောင်း မှတ်တမ်း တင်ကြပါသည်။

ဤကဲ့သို့ ပြန်လည် ရရှိပြီးနောက်မှ ဆရာတော် ဦးမုနိန္ဒ၏ တိုက်တွန်းမှုဖြင့် ဂေါပကအဖွဲ့ဝင်–

ဦးကျော်တင်စိန်၊

ဦးဘရွှေ၊

ဦးအုန်းစိန်၊

ဦးအုန်းခင်၊

အစရှိသည့်တို့သည် စေတီတော်အနီးရှိ ဝတ္ထုကမြေ နယ်နိမိတ်အတွင်း ကမ္ဗဋ္ဌာန်း အဆောက်အအုံများကို ခေတ္တ ဆောက်လုပ်နိုင်ခွင့် ပေးခဲ့ကြပါသည်။

www.dhammaransi.com



# စေတီတော်ကို

# စတင်မွမ်းမံပြုပြင်ခြင်း

ဆရာတော် ဦးမုနိန္ဒသည် ဤမျှနှင့် တင်းတိမ်နိုင်ခြင်းမရှိဘဲ မြို့ပေါ်ရှိ သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ မြို့ပေါ်ရှိ လူကြီးလူကောင်းများနှင့် တိုင်ပင်၍ ကိုယ်တိုင် တာဝန်ယူပြီးလျှင် "မြန်မာနိုင်ငံတွင် ကျက်သရေဆောင် စေတီတစ်ဆူ" ဖြစ်မြောက်အောင် ၁၃၂၀ – ခုနှစ်မှစ၍ ပြင်ဆင် မွမ်းမံ တည်ဆောက်လေသည်။

www.dhammaransi.com



# နတ်ပေးသည့် ပုံတော်

မူလရှိသော စေတီ၏ ဖိနပ်တော်မှာ ၂၄ – ပေသာရှိပြီး တောင်ထိပ်တွင် ရှိသဖြင့် သေးငယ်၍ နေရာတိုးချဲ့ရန် နေရာက အလွန်ကျဉ်းသော ကြောင့် မည်သို့ ဆောင်ရွက်ရပါမည်၊ မည်သို့သောပုံတော်ကို တည်ဆောက်ရပါမည်၊ သီဟိုဠ်ကျွန်းက ဘုရားပုံတော်မျိုး၊ အိန္ဒိယက ဘုရားပုံတော်မျိုး၊ ပုဂံညောင်ဦးက ဘုရားပုံတော်မျိုး၊ ကမ္ဘာအေး ဘုရား ပုံတော်မျိုးကဲ့သို့ တည်ဆောက်ရလျှင် ကောင်းမည်လားဟု အမျိုးမျိုး တွေးတော စိတ်ကူးလျက် ရှိနေစဉ် တစ်နေ့သောညဥ့်အခါ ၌ ဆရာတော် ဦးမုနိန္ဒသည် အိပ်မက်ထဲတွင် အချိုးကျ လှပတင့်တယ် အလွန်ကြည်ညိုဖွယ်ကောင်းသော ဘုရားပုံတော်တစ်ဆူကို ဖူးမြော် ရကြောင်း အိပ်မက်ရာမှ လန့်နိုး၍ မျက်စိဖွင့်ကြည့်ရာ ဘုရား၏ ပုံတော်မှာ ပျောက်ကွယ်မသွားဘဲ ထင်မြင်နေလေသည်။ ပန်းချီဆရာကို ခေါ်စေပြီး ပုံတော်ကို ပြောဆိုပြသ ရေးဆွဲစေ၍ ရေးဆွဲသော ပုံ တော် အတိုင်း တည်ဆောက်စေခြင်း ပြုခဲ့လေသည်။

မူလက စေတီတော်၏ အရှေ့အနောက် တောင်မြောက်တွင် ဆင်းတုတော်တစ်ဆူစီ ရှိပါသည်။ နောက်ထပ် ထောင့်လေးထောင့် မှာ ဆင်းတုတော် တစ်ဆူစီ တိုးဖြည့် ထားလိုက်ကြပါသည်။ ပုံတော်မှာ စေတီတော်ကို ဗဟိုတွင်ထားပြီး ဘုရားတစ်ဆူက ပတ်ဝိုင်းလျက် ထောင့်ရှစ်ထောင့်မှာ တစ်ဆူစီထားကာ ဂန္ဓကုဋိတိုက် တွင် မုခ်ရှစ်ပေါက် ရှစ်ထောင့်အချိုးနှင့် ကမ္ဘာအေးဘုရား ပုံတော်ကဲ့သို့ တည် ဆောက်လိုက်လေသည်။ ဘုရား၏ ပတ်ဝန်းကျင် တောင်ကို ဖြိုလျက် အောက်သို့ ငါးဆင့်ဆက်လက်တည်သဖြင့် ဖိနပ်တော်မှာ

www.dhammaransi.com



ပေ ၂၀၀ ရှိပါသည်။ နတ်ပေးသော ပုံတော်အတိုင်းဖြစ်၍ ကြည်ညိုဖွယ်ရာ တင့်တယ် သပ္ပာယ်လှပေသည်။

## စိန်ဖူးတော် စိမ်လှူဒါန်းခြင်း

ဆရာတော် ဦးမုနိန္ဒသည် ဤမျှလောက် ဆောင်ရွက်ရုံတွင် မကဘဲ စေတီတော်ကြီးနှင့် လိုက်လျောသည့် ငွေကျပ်တစ်သိန်းကျော်တန် စိန်ဖူးတော်ကြီးကိုလည်း ရရှိအောင် ကြိုးပမ်း ဆောင်ရွက်ပေးခဲ့ပါသည်။ စိန်ဖူးတော်ကြီး၏ အလှူရှင်မှာ မိုးကုတ်မြို့မှ ဒေါ်စောရင် ဖြစ်ပါသည်။ စိန်ဖူးတော်၏ လုံးပတ်မှာ တစ်ပေ သုံးလက်မနှင့် အလျား တစ်ပေရှိပါသည်။ ၎င်းစိန်ဖူးထိပ်တွင် ၂၄ – ရတီခန့်ရှိ ပတ္တမြားတစ်လုံး တပ်ဆင်ထားရှိပါသည်။

## ထူးမြတ်သည့်တောင်တော်

ဆရာတော် ဦးမုနိန္ဒသည် စက္ကိန်းတဲတောင်တော်ကို မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ကြွတော်မူပြီး ကိန်းစက်တော်မူရာဖြစ်သည့် အဝိဇဟိတဗွနေရာ ဖြစ်တော်မူသည်ဟု ယုံကြည်ပြီး ဖြစ်နေသော်လည်း သေချာသည်ထက် သေချာစေရန် ရည်ရွယ်ချက်ဖြင့် “ဤတောင်ထူး တောင်မြတ်သည် မြတ်စွာဘုရားသခင်တိုင်း ကြွမြန်းသီတင်းသုံးနေ ထိုင် ကိန်းစက်တော်မူခဲ့သည့် တောင်တော်ဖြစ်ပါက ဤတောင် တော်သည် တုန်လှုပ်ပါစေသတည်း”ဟု အဓိဋ္ဌာန် ပြုလေသည်။

ထိုအခါတွင် တောင်တော်သည် တစ်မိနစ်ခန့် လျှင်လှုပ်သကဲ့သို့ - တုန်လှုပ်သွားကြောင်း ဆရာတော်ဘုရားနှင့်တကွ အတူရှိသူ ဘုရားလူကြီးတစ်ဦးက ထုတ်ဖော် ပြောကြားခဲ့ဖူးပါသည်။

www.dhammaransi.com



## ထူးခြားသည့် တောင်စောင့်နတ်မင်း

စက္ကိန်းတဲစေတီတော် အနောက်မြောက်ဘက်အနီးတွင် တောင်တော်စောင့် နတ်မင်း၏ နတ်နန်းတစ်ခုတည်ရှိရာ ဆရာတော် ဦးမုနိန္ဒသည် "ဤထူးမြတ်သော တောင်တော်တွင် စောင့်ရှောက်သော နတ်မင်းကြီးသည် အမှန်တကယ် ရှိရိုးမှန်ပါက မနက်ဖြန်တွင် ဘုရားအုတ်မြစ်ချပါမည်။ အုတ်မြစ်ချသည့် အချိန်အခါတွင် နေပြောက်တစ်ပြောက်ထိုးသည်ကိုမျှ မနစ်သက်ပါ။ သို့အတွက် နေပြောက်မထိုးရန် စောင့်ရှောက်ပေးပါ" ဟု ညဉ့်တရားပွဲတွင် ကြေညာလိုက်၏။

နောက်တစ်နေ့နံနက် အုတ်မြစ်ချသည့်အချိန်တွင် နေပူသောနွေရာသီပင် ဖြစ်သော်လည်း မိုးများ အုံ့ဆိုင်းလျက် နေပြောက်လုံးဝ ထိုးသည်ကိုမျှ မတွေ့ရခြင်းဖြစ်၍ အံ့သြဖွယ်ရာ ဖြစ်ကြရပါသည်။

## ထီးတော်တင်ပွဲကျင်းပခြင်း

ဆရာတော် ဦးမုနိန္ဒသည် စေတီတော်ကြီးအား မိမိစိတ်ကြိုက်အတိုင်း ပြုပြင် တည်ဆောက် ပြီးစီးသွားသဖြင့် အချိန်အခါနှင့် ကိုက်ညီသော ထီးတင်ပွဲ ကျင်းပရန် စီစဉ်လျက် မကွေးတိုင်းမင်းကြီး ဦးထွန်းဖေနှင့် မင်းဘူးခရိုင်ဝန် ဦးတင်အိုတို့ကို ကြီးကြပ် ဆောင်ရွက်စေပါသည်။ ၎င်းပြင် နိုင်ငံတော်သမ္မတကြီး၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် လွှတ်တော်နာယကကြီးတို့ကို ဖိတ်ကြားကာ ထီးတော်၏ အဆင့် တစ်ဆင့်ကို တစ်နေ့လျှင် ဝန်ကြီး တစ်ယောက်ကျစီ တင်ပေးစေသဖြင့် ထီးတော်တင်ပွဲမှာ ၁၃၂၂-ခု၊ တပို့တွဲလဆန်း ၁၄- ရက်နေ့မှစ၍ ကျင်းပရာ

www.dhammaransi.com



တပို့တွဲလဆုတ် ၁၀ – ရက်နေ့တွင် ပြီးစီးပါသည်။

ထီးတော်တင်ခြင်းကိုလည်း လျှပ်စစ်ဓာတ်အားနှင့် ဆွဲတင်သော ပန်းရထားယာဉ်ပုံကို အသုံးပြုကြပါသည်။ ဆရာတော် ဖိတ်ကြားသည့်အတိုင်း သမ္မတကြီး၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများတို့ ကြွရောက်ကြပြီး ထီးတော်ကို တင်ပေးကြပါသည်။ ထီးတော်တင်ပွဲမှာ အငြိမ့်ပွဲများပါ ထည့်သွင်း ကျင်းပကြပါသည်။ ရဟန်းရှင်လူ အများ ကြိတ်ကြိတ်တိုးမျှ လာရောက် ဖူးမြော် ပူဇော်ကြခြင်းကြောင့် မကြုံဖူးအောင် ခြိမ့်ခြိမ့်သဲသဲ အလွန် စည်းကား သိုက်မြိုက်လှပါသည်။

သို့သော် တင်လှူလိုက်သော ထီးတော်မှာမူ မူလထီးဟောင်းကို ပြင်ဆင်မွမ်းမံ ရွှေချပြီး တင်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ပြုလုပ်ရခြင်းမှာ ထီးတော်အသစ် မပြုလုပ်ရသေးခင် ယာယီခေတ္တမျှ တင်ခြင်း ဖြစ်ပါ၍ တစ်သိန်းကျော်တန် စိန်ဖူးတော်ကို တစ်ပါးတည်း တင်လှူ ခြင်းမပြုသေးခြင်း ဖြစ်ပါသည်။

## ထီးတော် မြေခရခြင်း

စေတီတော်ကြီးအား ထီးတော်တင်ပြီးနောက် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိနေစဉ် ၁၃၂၂– ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၂ – ရက်နေ့ ညနေ ၅ နာရီခန့်အချိန်တွင် လေမိုးကြီး ပြင်းထန်စွာ ကျရောက် တိုက်ခိုက်သော လေပြင်းဒဏ်ကြောင့် အဆင့်ဆင့် တင်လှူခဲ့သော ထီးတော်မှာ ပြုတ်၍လွင့်စင်ပြီး မြေသို့ ခရရှာလေသည်။ ထိုအတွက် အများပြည်သူတို့ ဝမ်းနည်းမဆုံး ဖြစ်ကြရမလသည်။

www.dhammaransi.com



# စေတီတော်ကြီးကို ဆက်လက်၍ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း

စေတီတော်ကြီး၏ ထီးတော်အသစ် ပြန်လည်တင်လှူနိုင်ရန် ဆောင်ရွက်နေစဉ်အချိန်အတွင်း တော်လှန်ရေးအစိုးရသည် အုပ်ချုပ်ရေးတာဝန်ကို လွှဲပြောင်းယူလိုက်ခြင်း ဖြစ်ပါသည်။ ထိုအချိန်တွင် ချောက်မြို့ တပ်မဟာ(၁၀) တပ်မင်း(မကွေးတိုင်း လုံခြုံရေးနှင့်အုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌ) ဗိုလ်မှူးကြီး အောင်ဇင်သည် အစိုးရကိစ္စတာဝန်အရ ရောဝတီမြစ်ကိုဖြတ်၍ မကွေးမှ မင်းဘူးသို့ မကြာခဏ ကူးသန်းသွားလာနေရာ စက္ကိန်းတဲစေတီတော်ကြီးမှာ ထီးတော်

www.dhammaransi.com



မရှိဖြစ်နေသည်ကို တွေ့မြင်ရသဖြင့် အကြောင်းခြင်းရာကို စူးစမ်းလေ့လာ သိရှိရသောကြောင့် စေတီတော်ကြီးအား ကြည်ညိုဖွယ်ရာ အနေသို့ ရောက်အောင် မွမ်းမံပြီး ထီးတော်အသစ် တင်လှူရန် ဆောင်ရွက်လိုသော ဆန္ဒ, သဒ္ဓါတရား ပေါ်ပေါက်လာခြင်း ရှိလေသည်။

ဗိုလ်မှူးကြီး အောင်ဇင်သည် စေတီတော်ကြီးအား မွမ်းမံပြင်ဆင်ပြီး ထီးတော်တင်လှူရန် ဆောင်ရွက်လိုကြောင်း ဆရာတော် ဦးမုနိန္ဒထံ ခွင့်တောင်းလိုက်ပါသည်။ ထို့နောက် စေတီတော်ကြီးကို ပြင်ဆင်မွမ်းမံခဲ့ကြသော အဖွဲ့ဝင် ဂေါပကလူကြီးများနှင့် တွေ့ဆုံတိုင်ပင်ကာ စေတီတော်ကြီးကို ဆက်လက်တိုးချဲ့ဆောင်ရွက်ရေးအတွက် အစီအစဉ်များ ပြုလုပ်လိုက်ပါသည်။

## ဩဝါဒါစရိယ ဆရာတော်များ ဖွဲ့ခြင်း

ဗိုလ်မှူးကြီးအောင်ဇင်သည် စေတီတော်ကြီးနှင့် ပတ်သက်၍ ဩဝါဒ ခံယူရန် လိုအပ်လျှင်လည်းကောင်း၊ အခြားလိုအပ်သော အကြံဉာဏ်များ ရလိုပါလျှင်သော်လည်းကောင်း ရဟန်းတော်များထံတွင် တောင်းရမည် ဖြစ်ပါ၍ မြို့ပေါ်ရှိ ဆရာတော် သံဃာတော်များ ပင့်ပြီးလျှင် ဩဝါဒါစရိယ ဆရာတော်များအဖွဲ့ကို ဖွဲ့စည်းပေးပါရန် လျှောက်ထား၍ ထေရ်ကြီးဝါကြီးများ ဖြစ်တော်မူကြသော–

၁။ ယွန်းကျောင်းတိုက်ဆရာတော် ဦးသုနန္ဒ။

၂။ လိပ်တောင်ဆရာတော် ဦးဝိသုဒ္ဓ။

၃။ ဂဂ်လာရာမတိုက်ဆရာတော် ဦးပဏ္ဍိတ။

www.dhammaransi.com



၄။ တောရတိုက်ဆရာတော် ဦးတေဇ။
၅။ ငုင်းတိုက်ဆရာတော် ဦးတိလောက။
၆။ ရွှေနတ်တောင်ဆရာတော် ဦးဥတ္တမ။
၇။ မဟာဝိသုတာရာမတိုက်ဆရာတော် ဦးဥတ္တမဝံသ။
၈။ သာစည်ရိပ်သာဆရာတော် ဦးကုသလ။
၉။ မဟာစည်ရိပ်သာ ဆရာတော် ဦးအရိယဝံသ။
၁၀။ ငုင်းရိပ်သာဆရာတော် ဦးဟိံသက။
၁၁။ ဇေစေတီကျောင်းဆရာတော် ဦးတေဇိန္ဒ။

တို့အား ဩဝါဒါစရိယ ဆရာတော်များအဖြစ် တင်မြှောက်ခဲ့ကြပါသည်။

## အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့ခြင်း

ဗိုလ်မှူးကြီးအောင်ဇင်သည် စေတီတော်ကြီးကို ဆက်လက်ပြုပြင်မွမ်းမံရန်အတွက် တည်ဆောက်ရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းပေးလိုက်ပါသည်။

၁။ ဗိုလ်မှူးကြီး အောင်ဇင် နာယက
၂။ မင်းဘူးခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ တပ်ရင်းမှူး ဗိုလ်မှူးကြီး လှရွှေက ဥက္ကဋ္ဌ
၃။ ခရိုင်ဝန်မင်း ဦးတင်အိုက ဒုတိယဥက္ကဋ္ဌ
၄။ အဖွဲ့ဝင်အဖြစ် ခရိုင်ရဲဝန် ဦးထွန်းအောင်၊ အစိုးရဌာနအသီးသီးမှ တာဝန်ခံအရာရှိများနှင့် မြို့မိမြို့ဖတို့အား ပါဝင် ဖွဲ့စည်းလိုက်ပါသည်။

www.dhammaransi.com



မိုလ်မှူးကြီးအောင်ဇင်နှင့် ဗဟိုကော်မတီ အဖွဲ့ဝင်တို့ပါ ပူးပေါင်းကြိုးစား ဆောင်ရွက်လာကြစဉ်တွင် ၁၃၂၃ - ခုနှစ် တပေါင်း လဆန်း ၁၀ - ရက်နေ့တွင် သဒ္ဓါကြည်လင် ပါရမီရှင် သာသနာပြု ပုဂ္ဂိုလ်ကျော် ဆေးဝက်ပါဆရာတော် အရှင်သူရိယအား စေတီတော်ကြီး တိုးတက်ရေးနှင့် စေတီတော်ကြီးနှင့် ပတ်သက်ပြီး အကြံဉာဏ် ဩဝါဒများ ပေးပါရန် လျှောက်ထားခဲ့ပါသည်။

ဆေးဝက်ပါဆရာတော် အရှင်သူရိယသည် သဘောတူ လက်ခံတော်မူပြီးလျှင် သူ၏ကိုယ်စား စေတီတော်ကြီးကို စောင့် ရှောက်ပြီး ဝေယျာဝစ္စ ဆောင်ရွက်နေရန်အတွက် သံဃာတော်တစ်ပါး အလိုရှိကြောင်း မိန့်တော်မူရာတွင် ဆရာတော်ဘုရား သဘောကျသော ပုဂ္ဂိုလ်ကိုပင် ရှာဖွေပြီးထားပါရန် လျှောက်သည့်အခါ ဆရာတော်က ကျောင်းတော်ရာမှ ဦးနန္ဒဝံသ၊ ဦးတေဇနှင့် ဦးကိတ္တိတို့ကို သူ၏ ကိုယ်စားစီစဉ်ပြီး ဘုရားကုန်းပေါ်ရှိ အုတ်တိုက်ကျောင်းတွင် သီတင်းသုံး နေရန် ထားခဲ့ပါသည်။

ဦးနန္ဒဝံသနှင့် ဦးကိတ္တိတို့နှစ်ပါးမှာ ကျောင်းတော်ရာတွင် တာဝန်များ ဆောင်ရွက်ရန်ရှိပါ၍ မနေနိုင်ဘဲ ပြန်လည် ကြွသွား ကြသောကြောင့် ဦးတေဇ တစ်ပါးသာ ကျန်ခဲ့ပြီး ဆက်လက် တာ ဝန်ယူ ဆောင်ရွက်လျက် နေခြင်းဖြစ်ပါသည်။

ဆေးဝက်ပါဆရာတော် ဦးသူရိယနှင့် တည်ဆောက်ရေး အဖွဲ့တို့ ပူးပေါင်းပြီးလျှင် ဆရာတော် ဦးမုနိန္ဒ ဆောက်လုပ်ခဲ့ သော စေတီတော်ကို ငုံပြီး စေတီကြီးကြီး တည်ဆောက်ခြင်း ဖြစ်ပါသည်။

www.dhammaransi.com



ထို့ကြောင့် ၁၃၂၄ – ခု၊ ကဆုန်လပြည့်ရောက်သောအခါ အများပြည်သူတို့ လှူဒါန်းထားကြသော ရတနာ,ရွှေ, ငွေ, ကျောက်သံပတ္တမြား စသည်တို့နှင့် ရုပ်ပွားဆင်းတုတော်များ၊ သတ္တဋ္ဌာန အစရှိသော ဌာပနာဝတ္ထု အစုစုတို့ကို အတီးအမှုတ် အကခုန်တို့ဖြင့် လက်ယာရစ် ပင့်ဆောင်၍ စည်းကားသိုက်မြိုက်စွာ ထည့်သွင်းဌာပနာ ခြင်းပြုနိုင်လေသည်။ နောက် များမကြာမီ စေတီတော်ကြီးသည် အပြီးတိုင် တည်ဆောက်ပြီးစီးလေသည်။

စေတီတော်ကြီး ပြင်ဆင် တည်ဆောက်ခြင်းကို အပြီးတိုင် ကိုယ်ဖိရင်ဖိ ကျိုးစား လုပ်ကိုင်ခဲ့သူတို့မှာ–

ဗိုလ်မှူး လှရွှေ၊

ဒုတိယ – ဗိုလ်မှူးကြီး စောအု၊

ဗိုလ်မှူး နေဝင်း၊

ဆည်မြောင်း ခရိုင်အင်ဂျင်နီယာ ဦးစောလှိုင်၊

ကုန်သွယ်ရေး ဦးစီးမန်နေဂျာ ဦးမောင်မောင်လွင်၊

ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဘမြင့်၊

နယ်ပိုင်ဝန်ထောက် ဦးအောင်မြင့်၊

မင်းဘူးမြို့ ရတနာကုန်သည် ဦးဘရွှေ၊

ကုန်သည်ကြီး ဦးထွန်းအောင်နှင့်

ကုန်သည်ကြီး ဦးသိန်းမောင်တို့ ဖြစ်ကြပါသည်။

ဆရာတော် ဦးမုနိန္ဒ ပြုပြင် တည်ဆောက်ခဲ့စဉ်က ဘုရား၏ ဂန္ဓကုဋိတိုက်ပေါ်သို့ တက်ရန် လှေကားတစ်ခုသာ အရှေ့ဘက်မျက်နှာမှ တပ်ဆင်ထားခဲ့ပါသည်။ မြေပြင်မှ အပေါ် ဂန္ဓကုဋိတိုက်အတွက်

www.dhammaransi.com



တစ်ဆက်တည်း တောက်လျှောက်ဖြစ်ပြီး စောက်၍ ကျဉ်းမြောင်းပါသဖြင့် ၎င်းလှေကားကို ပယ်ဖျက်ပြီး ပစ္စယ်များကိုလည်း တိုးချဲ့တည်ထောင်လိုက်ပါသည်။ လှေကားကိုလည်း အရှေ့ အနောက် တောင် မြောက် လေးဘက်တွင် တစ်ခုစီ တပ်ဆင်လိုက်ပါသည်။ ယခင်ပုံတော်ထက် ပို၍ သပ္ပာယ်ကာ အလွန် ကြည်ညိုဖွယ်ရာရှိပါသည်။

## ထီးတော်နှင့် စိန်ဖူးတော် တင်ခြင်း

စေတီတော်ကြီး ပြီးမြောက်ပါက ၎င်းစေတီတော်ကြီးနှင့် လိုက်လျောသော ထီးတော်ကြီးကို တပ်ဆင်ရန် လိုအပ်နေပါသဖြင့် ဆေးဝက်ပါဆရာတော် ဦးသူရိယသည် ကိုယ်တိုင် သမ္မာသက်ပွ သမ္မာကမ္မန္တ ဖြင့် ကြိုးပမ်းတော်မူပြီး အလှူတော်ငွေများ ကောက်ခံ၍ လိုအပ်သော ထီးတော်ကြီးကို အသစ်စီမံပြုလုပ်ခြင်း ပြုပါသည်။

စေတီတော်ကြီး ပြီးမြောက်သည့်ပြင် ထီးတော်မှာလည်း အသင့် ရှိသည်ကတစ်ကြောင်း၊ ဆရာတော် ဦးမုနိန္ဒ ကြိုးပမ်းဆောင်ရွက် ပြီး လှူဒါန်းခဲ့သော သိန်းကျော်တန် စိန်ဖူးတော်ကြီးမှာလည်း အသင့်ရှိနေသဖြင့် ကောင်းမြတ်သောနေ့ကို ရွေးချယ်ပြီး ၁၃၂၄–ခုနှစ်၊ တပေါင်းလဆန်း ၁–ရက်နေ့တွင် အစပြု၍ ထီးတော်နှင့် စိန်ဖူးတော် တင်ပွဲ ကျင်းပနိုင်ခဲ့ပါသည်။

မန္တလေးမြို့ သူဌေး ဝဏ္ဏကျော်ထင် ဒေါ်ဦးနှင့် သီရိစန္ဒာမယ်တော်ကြီးတို့က ကိုယ်တိုင် ကူညီဆောင်ရွက်ရာ လှေပွဲ၊ လှည်းပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်ပွဲများအပြင် မင်းဘူးခရိုင်အတွင်းရှိ

www.dhammaransi.com



မြို့နယ်များမှ ဆိုင်းများ၊ ယိမ်းအမျိုးမျိုးတို့နှင့် လာရောက် ကူညီကြပြန်ရာ စက္ကိန်းတဲတစ်တောင်လုံးတွင် ပရိသတ်တို့မှာ ဖွေးဖွေးလှုပ် ပြည့်ညပ်နေပါသဖြင့် ဝမ်းသာလွန်းကြသ၍ ကသူက၊ နန်သူကခုန်နှင့် သိုက်မြိုက်စွာ ကျင်းပလာရာ တပေါင်းလဆန်း ၃-ရက်နေ့မှာ ထီးတော်ကြီးနှင့် စိန်ဖူးတော်ကြီးတို့ တင်လှူပွဲကို အောင်မြင်စွာ ပြီးစီးခဲ့လေသည်။

ထီးတော်နှင့် စိန်ဖူးတော်တင်လှူပွဲသို့ ကြွရောက်လာသော သူဌေး ဝဏ္ဏကျော်ထင် နဂါး ဒေါ်ဦးထ ဂေါပကအဖွဲ့မှ အလှူခံရာ ကုန်းတော်ပေါ်တွင် တည်ဆောက်ထားသော အာရုံခံတန်ဆောင်းကြီး၏ ကုန်ကျစရိတ်ငွေ(၁၀၀၀၀၀)တစ်သောင်းကျပ်ကို လှူဒါန်းသွားပါသည်။

## တိုးချဲ့မွမ်းမံနိုင်ရန် စိစဉ်ခြင်း

စေတီတော်ကြီးအား ထီးတော်နှင့် စိန်ဖူးတော်ကြီး တင်လှူပြီးသော်လည်း အမျိုးမျိုးသော မွမ်းမံမှုများ ပြုလုပ်ရန် ကျန်ရှိသဖြင့် တောင်တော်၏အောက်ခြေမှ စေတီတော်၏တည်ရာ ကုန်းတော်ပေါ်ထိ မုခ်ဦး တန်ဆောင်းပြာသာဒ်ကြီးများ၊ ယွန်းဆက်တောင်တန်းများ၊ ဘုရားဖူး ဧည့်သည်များ တည်းခိုနိုင်ရန် အဆောက်အအုံများ၊ တံခွန်တိုင်များ ဆောက်လုပ်ရန် လိုအပ်လျက် ရှိနေသောကြောင့် ဆေးဝက်ပါဆရာတော် ဦးသူရိယနှင့် တည်ဆောက်ရေး ဗဟိုကော်မတီတို့ကပင် ဆက်လက်ပြီး ဘဏ္ဍာငွေများကို ရှာဖွေ စုဆောင်းရပြန်သည်။

www.dhammaransi.com



## လျှပ်စစ်မီး တပ်ဆင်ပူဇော်ခြင်း

စေတီတော်ကြီးကို တည်ဆောက်ပြီးသဖြင့် အများပြည်သူများ ကြည်ညိုသဒ္ဓါပွားများစိမ့်သောငှာ ရောင်စုံမီးများကို လှပစွာ တပ်ဆင်၍ မီးပူဇော်ခ တစ်လလျှင် ၂၀၀ – ကျပ်မှ ၅၀၀ အကြား အကုန်အကျ ခံပြီး ထွန်းညှိပူဇော်ထားပါသည်။

## အလှူခံဥပါသကာ ခန့်ထားခြင်း

အလှူတော်ငွေ တိုးတက်ရရှိမှုကိုရှေးရှုပြီးလျှင် ဥပါသကာ တစ်ယောက်ကို လခပေး၍ခန့်ထားပြီး အသံချဲ့စက်ကို အသုံးပြုစေလျက် အလှူရှင်များအား လောလောဆယ် ဆုတောင်း ပတ္ထနာ ပြုသောအားဖြင့် အလှူတော်ငွေ ကောက်ခံရန် စီစဉ်ခဲ့ပါသည်။ အလှူရှင်ကိုလည်း အလှူခံဖြတ်ပိုင်း ရေးသားပေးသော စနစ်ကို စီမံထားရှိပါသည်။

## အစောင့်ခန့်ထားခြင်း

ဘုရားရှင်၏ ဘဏ္ဍာတော် ပစ္စည်းများနှင့် အဆောက်အအုံများကို စောင့်ရှောက်ရန်နှင့် ဝေယျာဝစ္စကို ကူညီ ဆောင်ရွက်ရန် အစောင့် တစ်ယောက်ကိုလည်း လခပေး ခန့်ထားပါသည်။

## ရေရရှိအောင်စီမံထားခြင်း

စက္ကိန်းတဲတောင်သည် မြင့်မားသဖြင့် အသုံးပြုရန် ရေကို တောင် အောက်ခြေတွင် ရေလှောင်ကန်တစ်ခုနှင့် တောင်ထိပ်တွင် လက်ခံ

www.dhammaransi.com



ရေလှောင်ကန်တစ်ခု တည်ဆောက်ကာ အောက်ကန် အထက်ကန်ကို ပိုက်လိုင်း သွယ်ပေးထားပါသည်။ အောက်ကန်တွင်းကို မြူနီစီပယ်မှ ပေးသောရေကို ခံယူပြီး ၎င်းရေကို လျှပ်စစ်မော်တာနှင့် ရေစုပ်စက် တုံကင်ကို လည်စေပြီး စုပ်၍ အထက်ကန်ပေါ်သို့တိုင်ပိုက်ကာ ကုန်းတော်ပေါ်တွင် သုံးစွဲနိုင်ရန် စီစဉ်ထားရှိပါသည်။

## အခလွတ် တည်းခိုခွင့်ပြုခြင်း


မြန်မာပြည်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူး ခရီးသည်များကို ထိုဘုရားပိုင်ဇရပ်များ၊ ဓမ္မာရုံများအတွင်းမှာ တည်းခိုစေပါသည်။ တည်းခိုခ မယူသည့်ပြင် ရေ၊ မီး ထင်းကိုကို အခမဲ့ အသုံးပြုခွင့်ပေးပါသည်။ ဘုရားဖူး ခရီးသည်များကိုလည်း အတတ်နိုင်ဆုံး ကူညီ စောင့်ရှောက်ပေးလျက် ရှိပါသည်။

## ဘဏ္ဍာတော်ငွေထိန်းသိမ်းခြင်း

စေတီတော်ကြီးအား လှူဒါန်းသော ဘဏ္ဍာတော် အလှူငွေကို နေ့စဉ်သိမ်းဆည်းပြီး ဘဏ္ဍာရေးမှူးက လက်ခံ ထိန်းသိမ်းပါသည်။ ဘဏ္ဍာရေးမှူးထံတွင် ငွေ ၁၀၀၀ိ/– အထိသာထားနိုင်ပြီး ၎င်းထက်ပိုငွေများကို ဘဏ်တွင် အပ်နှံပါသည်။ သုံးရန်ရှိသော် လိုသလောက် ဘဏ်မှ ထုတ်ယူသုံးစွဲပါသည်။

စေတီတော်ကြီး၏ ဘဏ္ဍာတော်နှစ်မှာ နှစ်စဉ် မေလ ၁ ရက်မှ ဧပြီ ၃၀ – ရက်နေ့အထိ ဖြစ်ပါသည်။ ငွေစာရင်းကိုလည်း နှစ်စဉ် တရားဝင် စာရင်းစစ်(ဩဒစ်)ကို စစ်ဆေးခိုင်းပြီး ရငွေ

www.dhammaransi.com



စိန်ဖူးတော်
(ရှင်ပင်စက္ကိန်းတဲ)

www.dhammaransi.com



သုံးငွေ စာရင်းရှင်းတမ်းလည်း နှစ်စဉ်ထုတ်ပေးပါသည်။

## ရွှေသင်္ကန်းကပ်လှူခြင်း

၁၉၆၇–ခုနှစ်က ရွှေစေတီတော်ကြီး၏ ငှက်ပျောဖူးမှ အောက် သပိတ်မှောက်အထိ ရွှေသင်္ကန်း ကပ်လှူရာတွင် ရွက်ရေ ၁၀၀–ပါ နှစ်လက်မ ရွှေဆိုင်း ၈၃၉–ဆိုင်းကုန်သဖြင့် အရပ်ရပ်တန်ဖိုးငွေ ၂၄၆၁၅/– ကျပ် ၃၈ ပြား ကုန်ကျပါသည်။

၁၉၆၇–ခုနှစ်တွင် စေတီတော်ကြီး၏ သပိတ်မှောက်မှ အောက်ခြေ ဂန္ဓကုဋိတိုက် အမိုးအထိ ရွှေသင်္ကန်း ကပ်လှူရာ ရွှေဆိုင်း ရွက်ရေ ၁၀၀–ပါ နှစ်လက်မရွှေဆိုင်း ၄၀၂ – ဆိုင်းကုန်ကျ၍ တန်ဖိုး ငွေ ၉၁၆၄/– ကျပ် ၆၀/– ပြား ကုန်ကျပါသည်။

## တိုးချဲ့ပြုပြင်ခြင်း

ဘဏ္ဍာတော် အလှူငွေ ရရှိရေးအတွက်လည်းကောင်း၊ ပြတိုက်အဖြစ် လည်းကောင်း ရည်ရွယ်ချက်ဖြင့် ၁၉၆၉ – ခုနှစ်အတွင်းက ငွေပေါင်း ၄၇၀၀/–ကျော်ခန့် အကုန်အကျခံကာ စက္ကိန်းတဲဘုရားသမိုင်းပြ စက်ရုပ်ကို တီထွင်ပြုလုပ်ထားရှိပါသည်။

စေတီရံရှစ်ဆူထီးတင်ပြီးစီးခဲ့ပါသည်။ ဂန္ဓကုဋိတိုက်နဖူးစီး ပတ်လည် မှန်စီပြီးဖြစ်ပါသည်။ ပြတင်းပေါက်များတွင် မှန်တံခါးနှင့် သံပန်း တံခါးများ၊ တံခါးမကြီး ရှစ်ပေါက်ကိုလည်း သံဆွဲတံခါးများ တပ်ဆင်ပြီးခဲ့ပါသည်။ ဂန္ဓကုဋိတိုက်အတွင်းရှိ ရုပ်ပွားတော် ရှစ်ဆူကိုလည်း ရွှေသင်္ကန်းကပ်ခြင်း၊ တံကဲများအား ရွှေချခြင်း၊

www.dhammaransi.com



လိုဏ်ဂူများနှင့် ဘေးနံရံများကို ရောင်စုံကျောက်ပြားများ ခင်းခြင်း၊ ရင်ပြင်တော်၌ ကျောက်ပြားခင်းခြင်းများ ပြုလုပ်ပြီးစီးခဲ့ပါသည်။

အရှေ့ဘက်တောင်ခြေရင်းမှ ကုန်းတော်ပေါ်အထိ မုခ်ဦးပြာသာဒ်ကြီး သုံးခုနှင့် လှေကားဆက် ၄၉– ဆက် တည်ဆောက်ပြီးစီး ခဲ့ပါသည်။ အောက်ဆုံး ဘီလူးညီနောင်အနီးမှ အဆောင်မှာ ပုပ္ပား ဆရာတော် ဦးပရမဝဏ္ဏသိဒ္ဓိကြီးမှူး၍ ရန်ကုန်မြို့ ကုန်သည်ပွဲစားကြီး ဦးဘရင်–ဒေါ်မြသီတို့က သုံးသောင်းကျော် အကုန်အကျခံ၍ လှူဒါန်း ခြင်းဖြစ်ပါသည်။

၎င်းမုခ်ဦးတန်ဆောင်းအထက်တွင် ဆောက်လုပ်ထားသော သွပ်ပြားပြာသာဒ် တန်ဆောင်းမှာ မင်းဘူးမြို့ ကုန်သည်ကြီး ဦးခင်စော + ဒေါ်တင်တင်တို့က ကျပ်ငွေ ၄၀၀၀ – အကုန်အကျခံ၍ လှူဒါန်းခြင်း ဖြစ်ပါသည်။

တောင်းတန်းအလယ်တွင်လည်း ပြာသာဒ်ကြီး သုံးခုတွဲလျက် ရှိသည့်အနက် အလယ်ဆောင်မှာ ရန်ကုန်မြို့ အငြိမ်းစားအမြတ်တော်ခွန် ဝန်ထောက် ဦးဘသော်+ဒေါ်ခင်ရွှေတို့က တစ်သောင်းငါးထောင် မတည် အကုန်အကျခံပြီး လှူဒါန်းပါသည်။

အပေါ်ဆုံးတန်ဆောင်းပြာသာဒ်အတွက် မင်းဘူးမြို့ အငြိမ်းစားကျောင်းဆရာမကြီး ဒေါ်အေးက ငွေတစ်သောင်းမတည်၍ လှူဒါန်းပါသည်။

မင်းဘူးမြို့ ရတနာကုန်သည် ဦးဘရွှေ + ဒေါ်တင်တင်တို့က ငွေပေါင်း ၂၀၀၀၀/–တန် အာရုံခံတန်ဆောင်းကြီး တစ်ခုကိုလည်း

www.dhammaransi.com



ဘုရားရင်ပြင်တော် အရှေ့ဟောင်ထောင့်တွင် ဆောက်လုပ် လှူဒါန်းထားပါသည်။

ဘုရားရင်ပြင်တော် အနောက်ဘက် မင်းဘူးမြို့ ကုန်သည် အမိ ဒေါ်တင်မေကို အမှူးထား၍ ရန်ကုန်မြို့ အငြိမ်းစား လမ်းအရေးပိုင် ဦးကျော်လှ + ဒေါ်မြရီ၊ မင်းဘူးမြို့ ကုန်သည် ဦးသိန်းမောင် + ဒေါ်တင်ဦးတို့က တစ်လုံးလျှင် ၄၀၀၀ိ/– ကျော်တန် တိုက်နှစ်လုံးတွဲ ငွေ ၈၅၀၈ိ/– ကျပ် ၅၅/– ပြား အကုန်အကျခံ၍ ဆောက်လုပ် လှူဒါန်း ပါသည်။

မင်းဘူးမြို့ ကုန်သည် ဦးတင်မောင်ကျော် + ဒေါ်တင်ဆိုင်တို့ကလည်း တိုက်တစ်လုံး၊ မင်းဘူးမြို့ ဆရာမကြီး ဒေါ်မှင်ကလည်း တိုက်တစ်လုံး လှူဒါန်းပါသည်။ ငွေ ၂၀၀၀ိ/–စီ မတည်၍ လှူဒါန်း ကြခြင်း ဖြစ်ပါသည်။

ဆေးဝက်ပါဆရာတော် ဦးသူရိယသည် ၁၅–၁၁–၇၆–ခုနေ့ ညက တရားပွဲကျင်းပပြီး အလှူခံရာငွေ ၄၀ိ တန် ယွန်းရှစ်ခု ရရှိခဲ့ ပါသည်။

၁၉၇၂–ခုနှစ်တွင် မင်းဘူးမြို့ ဒေါ်ကျော့၊ ဒေါ်ပုတု၊ ဒေါ်ခန့်တို့သုံးဦးက အလှူငွေ ၁၅၀၀ိ /–မတည်လှူဒါန်း၍ စိတ္တသုခဆွမ်းစားကျောင်း ဆောက်လုပ်ရာ လိုငွေကို ဘုရားဘဏ္ဍာငွေမှ စိုက်၍ ဆောက်သဖြင့် အပြီးသတ်သောအခါ အရပ်ရပ်ငွေ ၁၈၁၈၆/ ကျပ် ၁၀ ပြား ကုန်ကျပါသည်။

မင်းဘူးမြို့ ဦးခင်+ဒေါ်မြလေး၊ သမီး မကြည်ကြည်ဝင်း၊ မခင်စန်းမြင့်တို့က ၁၅၀၀ိ/– တန် အာရုံခံ တိုက်တစ်လုံး

www.dhammaransi.com



လှူဒါန်းပါသည်။

## ဆေးဝက်ပါဆရာတော် ပျံလွန်တော်မူခြင်း

ဆေးဝက်ပါဆရာတော် ဦးသူရိယသည် စေတီတော်ကြီးအား မွမ်းမံဆောင်ရွက်ပေးနေရာမှ ၁၃၃၂ – ခု၊ ကဆုန်လဆန်း ၃ – ရက်၊ (၈–၅–၇၀)နေ့က ရန်ကုန်မြို့တွင် ပျံလွန်တော်မူသွားသဖြင့် တည်ဆောက် ရေးအဖွဲ့နှင့်တကွ မြို့ပေါ်ရှိ သံဃာတော်များနှင့် မြို့သူမြို့သား အပေါင်းတို့သည် ဝမ်းနည်းကြေကွဲခြင်း ဖြစ်ကြရပါသည်။

www.dhammaransi.com



# အုပ်ချုပ်ရေးအဖွဲ့ကို ပထမအကြိမ် ပြင်ဆင်ခြင်း

တော်လှန်ရေးအစိုးရလက်ထက် ၁၃၂၂-ခုနှစ်လောက် တပ်မင်း ဗိုလ်မှူးကြီး အောင်ဇင် ဦးဆောင် တာဝန်ယူချိန်မှစ၍ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ(ခ-လ-က ဥက္ကဋ္ဌ) တစ်ယောက်ပြီး တစ်ယောက် ပြန်လည် တည်ဆောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ကြ ခြင်း ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်တို့မှာ-

ဗိုလ်မှူး လှရွှေ

www.dhammaransi.com



ဒု-ဗိုလ်မှူးကြီး စောအုံ
ဗိုလ်မှူး စိန်မောင်
ဒု-ဗိုလ်မှူးကြီး တင်ဦး
ဒု-ဗိုလ်မှူးကြီး ခင်မောင်ညွှန့်
ဗိုလ်မှူး မောင်အေး
ဗိုလ်မှူး ခင်မောင်ထိန်
ဗိုလ်မှူး ကျော်သန်း
ဗိုလ်မှူး မောင်မောင်
ဗိုလ်မှူး မင်းနောင်နှင့်
ဗိုလ်မှူး ဘသော် တို့ ဖြစ်ပါသည်။

၁၉၆၆ – ခုနှစ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်ဦးလက်ထက်ကျရောက်သောအခါ လုပ်ငန်းဆောင်ရွက်ရာတွင် ဗဟိုတည်ဆောက်ရေးအဖွဲ့ထံ အတည်ပြုချက်ရယူရသဖြင့် အချိန်ကြာမြင့်ခြင်းကြောင့် ခရီးရောက်သင့်သလောက် မရောက်သည့်အတွက် လုပ်ငန်း လျင်မြန် လွယ်ကူပြီးစီးနိုင်ရေးအတွက် ဗဟိုတည်ဆောက်ရေးအဖွဲ့၏ အောက်တွင် စောင့်ရှောက်ရေးနှင့် တည်ဆောက်ရေး ဆပ်ကော်မတီနှစ်ခုကို ဖွဲ့စည်းဆောင်ရွက်စေပါသည်။ ၎င်းအဖွဲ့ကို ၁၉၆၆ – ခု၊ ဧပြီလ ၂၈ – ရက် (၁၃၂၈ – ခု၊ တန်ဆောင်မုန်းလဆန်း ၉ – ရက်)နေ့တွင် ကျင်းပသော ဗဟိုတည်ဆောက်ရေးကော်မတီ အစည်းအဝေးတွင် အတည်ပြုလုပ်ပါသည်။

www.dhammaransi.com



## စောင့်ရှောက်ရေး ဆပ်တော်မတီ

၁။ ဦးစောမောင်
၂။ ဦးငွေဖြိုး
၃။ ဦးတင်အုန်း
၄။ ဦးအောင်ခင်
၅။ ဦးစံရွှေ
၆။ ဦးချစ်လှ
၇။ ဦးထွန်းအောင်
၈။ ဦးတလုတ်
၉။ ဦးပြုံးချို
၁၀။ ဦးသိန်းမောင်
၁၁။ ဦးရှင်
၁၂။ ဦးဘဆန်း
၁၃။ ဦးလှ
၁၄။ ဦးစိန်ညွန့်
၁၅။ ဦးမောင်မောင်

## တည်ဆောက်ရေး ဆပ်တော်မတီ

၁။ ဦးစောလှိုင်
၂။ ဦးအုန်းကြည်
၃။ ဦးသက်လွင်
၄။ ဦးစိန်ဖိုး

www.dhammaransi.com



၅။ ဦးစိုး
၆။ ဦးထွန်းလွင်
၇။ ဦးစောမောင်
၈။ ဦးရဲသန့်
၉။ ဦးထွန်းအောင်
၁၀။ ဦးစိန်ထွန်း
၁၁။ ဦးတလုတ်

## အုပ်ချုပ်ရေးအဖွဲ့ကို ဒုတိယအကြိမ် ပြင်ဆင်ခြင်း

တည်ဆောက်ရေး၏ ဗဟိုကော်မတီ ကွပ်ကဲမှုဖြင့် အထက်တွင် ဖွဲ့စည်းလိုက်သော ဆပ်ကော်မတီနှစ်ခုကို ညှိနှိုင်း ဆောင်ရွက်လာရာ အချို့အဖွဲ့ဝင်တို့မှာ နုတ်ထွက်ခြင်း၊ ပြောင်းရွှေ့ခြင်းများကြောင့် ဆပ်ကော်မတီနှစ်ခုကို တစ်ဖွဲ့တည်း ပူးပေါင်းပြီး စက္ကိန်းတဲဘုရား စောင့်ရှောက် ထိန်းသိမ်းရေးအဖွဲ့ကို ၁၉၇၆ – ခုနှစ်တွင် ဗဟိုတည်ဆောက်ရေးဥက္ကဋ္ဌ ဗိုလ်မှူးကျော်သန်း လက်ထက်တွင် ပြုပြင်ဖွဲ့စည်းပေး၍ စေတီတော်ကြီး၏ တည်ဆောက်ရေးလုပ်ငန်းကို လုပ်ကိုင်စေခဲ့ပါသည်။

## စေတီတော်ကြီး စောင့်ရှောက်ထိန်းသိမ်းရေးအဖွဲ့ဝင်များ

| | |
|---|---|
| ၁။ ဦးတင်အုန်း | ဥက္ကဋ္ဌ |
| ၂။ ဦးစောမောင် | ဒု–ဥက္ကဋ္ဌ |
| ၃။ ဦးငွေဖြိုး | အတွင်းရေးမှူး |

www.dhammaransi.com



| | | |
|---|---|---|
| ၄။ | ဦးစံရွှေ | တွဲဖက်အတွင်းရေးမှူး |
| ၅။ | ဦးပု | ဘဏ္ဍာရေးမှူး |
| ၆။ | ဦးမောင်မောင် | အဖွဲ့ဝင် |
| ၇။ | ဦးစိန်ညွန့် | ။ |
| ၈။ | ဦးချစ်လှ | ။ |
| ၉။ | ဦးထွန်းအောင် | ။ |
| ၁၀။ | ဦးဘဆန်း | ။ |
| ၁၁။ | ဦးရှင် | ။ |
| ၁၂။ | ဦးပြုံးချို | ။ |
| ၁၃။ | ဦးသိန်းမောင် | ။ |
| ၁၄။ | ဦးတလုတ် | ။ |
| ၁၅။ | ဦးစိန်လှိုင် | ။ |

## စောင့်ရှောက်ထိန်းသိမ်းရေး အဖွဲ့ကိုဖျက်၍ ဂေါပက ဖွဲ့ခြင်းနှင့် ဆစ်တော်မတီများ ဖွဲ့ခြင်း

စေတီတော်ကြီး စောင့်ရှောက်ထိန်းသိမ်းရေးအဖွဲ့သည် စေတီတော်ကြီးအတွက် စောင့်ရှောက်ဖွယ်ရာ လုပ်ငန်းများကို ဂရုတစိုက် ကြိုးစား လုပ်ကိုင်လာရာ ဗဟို တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမင်းနောင် လက်ထက် ရောက်သည့်အခါ ၁၃၂၂ – ခု၊ နယုန်လဆန်း ၉ – ရက် (၂၈–၆–၇၀)ခုနေ့တွင်ပြုလုပ်သော ဗဟိုကော်မတီ အစည်း အဝေးတွင် ဥက္ကဋ္ဌ ဗိုလ်မှူးမင်းနောင်က စေတီတော်ကြီးသည်

www.dhammaransi.com



တိုး တက်လျက်ရှိသည်ကို တွေ့ရသည်။ ရှေ့အဖို့တွင်လည်း ပိုမိုတိုးတက်ကြီးပွား ခရီးရောက်စေရန် ဆန္ဒရှိသောကြောင့် ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အောင်မြင်စွာ ဆောင်ရွက်စေလိုသဖြင့် ကော်မတီများ ထပ်မံ ဖြည့်စွက် ဖွဲ့စည်း၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အဖွဲ့များဖွဲ့ရန် စည်းမျဉ်းမှုများ ချမှတ်လျက် ဂေါပကအဖွဲ့ဝင်များအဖြစ် တစ်ရပ်ကွက် နှစ်ဦးကျဖြင့် ၁၂-ရပ်ကွက် အတွက် ၂၄-ယောက် ရွေးချယ်၍ ယခင်ရှိပြီးဂေါပကအဖွဲ့ဝင်တို့ နှင့် ပေါင်းဖွဲ့စည်းရန် စီစဉ်ပြီးနောက် ၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၅-ရက်၊ (၂၃-၇-၇၀) နေ့ အစည်းအဝေးတွင် အောက်ပါအဖွဲ့ဝင်များ ပါဝင်သော အဖွဲ့များကို ဖွဲ့စည်းကြောင်း အတည်ပြုဆုံးဖြတ်ပေးပြီး ဆက်လက် ဆောင်ရွက်သွားကြရန် တာဝန်ပေးလိုက်သည်။

## သြဝါဒါစရိယ ဆရာတော်များ

ဗိုလ်မှူးအောင်ဇင် ဆောင်ရွက်စဉ်က ဖွဲ့စည်းခဲ့သော သြဝါဒါစရိယဆရာတော်များအနက် အချို့မှာ အခြားမြို့များသို့ ပြောင်းရွှေ့သွားခြင်းနှင့် အချို့မှာ ပျံလွန်တော်မူကြပြီးဖြစ်သဖြင့် ကျန်သောဆရာတော်များကို နောက်ထပ်ဖြည့်စွက်၍ ဖွဲ့စည်းလိုက်သည်။

ဆရာတော်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဦးသုနန္ဒ၊ ယွန်းကျောင်းတိုက်

၂။ ဦးကောဏ္ဍည၊ အောက်ကျောင်း

၃။ ဦးဝိသုဒ္ဓ၊ လိပ်တောင်

www.dhammaransi.com



၄။ ဦးပဏ္ဍိတ၊ မင်္ဂလာရာမတိုက်

၅။ ဦးဥတ္တမ၊ ရွှေနတ်တောင်

၆။ ဦးဥတ္တမဝံသ၊ မဟာဝိသုတာရာမတိုက်

၇။ ဦးတေဇ၊ တောရတိုက်

၈။ ဦးခန္တီ၊ သာစည်ရိပ်သာ

ထို့ပြင် မင်းဘူးမြို့ စက္ကိန်းတဲဘုရား ဆရာတော် ဦးတေဇအား အထက်တွင်ဖော်ပြသော ဩဝါဒါစရိယ ဆရာတော်များအဖွဲ့၏ အကျိုးဆောင် (ဝန်ဆောင်) အဖြစ် ထည့်သွင်း တင်မြှောက်ကြပါသည်။

## ၁။ ဝေယျာဝစ္စ ပဟိုတော်မတီအဖွဲ့ဝင်များ

| | | |
|---|---|---|
| ၁။ | ခ-လ-ရ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| ၂။ | ခရိုင်ဝန် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဂေါပကအဖွဲ့ဥက္ကဋ္ဌ | ဒု-ဥက္ကဋ္ဌ |
| ၄။ | ကြီးကြပ်ရေးမှူး(ပရ) | အဖွဲ့ဝင် |
| ၅။ | န-လ-က ဥက္ကဋ္ဌ | ။ |
| ၆။ | မြို့နယ်ပါတီယူနစ် | ။ |
| ၇။ | ခရိုင်လူမှုဝန်ထမ်းအရာရှိ | ။ |
| ၈။ | မြို့နယ်အင်ဂျင်နီယာ(က)ဆောက်လုပ်ရေး | ။ |
| ၉။ | ကျန် ဌာနဆိုင်ရာအကြီးအကဲအားလုံး | ။ |
| ၁၀။ | ကျန် ဂေါပကအဖွဲ့ဝင်အားလုံး | ။ |
| ၁၁။ | ခရိုင်ဘာသနာရေးအရာရှိ | အတွင်းရေးမှူး |
| ၁၂။ | ဂေါပကအဖွဲ့(အတွင်းရေးမှူး) | တွဲဖက်အတွင်းရေးမှူး |

www.dhammaransi.com



## ၂။ အလုပ်အမှုဆောင်တော်မတီဝင်များ

| | | |
|---|---|---|
| ၁။ | ဗဟိုကော်မတီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| ၂။ | ခရိုင်ဝန် | ဒု-ဥက္ကဋ္ဌ(၁) |
| ၃။ | ဂေါပကအဖွဲ့ဥက္ကဋ္ဌ | ဒု-ဥက္ကဋ္ဌ(၂) |
| ၄။ | မြို့နယ်အင်ဂျင်နီယာ(က) | အဖွဲ့ဝင် |
| ၅။ | ခရိုင်လူမှုဝန်ထမ်းအရာရှိ | ။ |
| ၆။ | ဂေါပကအဖွဲ့အတွင်းရေးမှူး | ။ |
| ၇။ | ဂေါပကအဖွဲ့စာရင်းစစ် | ။ |
| ၈။ | ဆပ်ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ | ။ |
| ၉။ | ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး | ။ |
| ၁၀။ | ဗဟိုကော်မတီအတွင်းရေးမှူး | အတွင်းရေးမှူး |

## ၃။ ဂေါပကအဖွဲ့ဝင်များ

| | | |
|---|---|---|
| ၁။ | ဦးတင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးစောမောင် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးတိုး | ဒု-ဥက္ကဋ္ဌ |
| ၄။ | ဦးငွေဖြိုး | အတွင်းရေးမှူး |
| ၅။ | ဦးသောင်း | တွဲဖက်အတွင်းရေးမှူး(၁) |
| ၆။ | ဦးအောင်မြို့ | တွဲဖက်အတွင်းရေးမှူး(၂) |
| ၇။ | ဦးအောင်ခင် | ဘဏ္ဍာရေးမှူး |
| ၈။ | ဦးစံရွှေ | စာရင်းစစ် |

www.dhammaransi.com



| | | |
|---|---|---|
| ၉။ | ဦးသိန်း | စာရင်းစစ် |
| ၁၀။ | ဦးထွန်းရီ | အဖွဲ့ဝင် |
| ၁၁။ | ဦးသိန်း | ။ |
| ၁၂။ | ဦးခင်မောင် | ။ |
| ၁၃။ | ဦးငြိမ်သောင် | ။ |
| ၁၄။ | ဦးထွန်းရှင် | ။ |
| ၁၅။ | ဦးဘဆန်း | ။ |
| ၁၆။ | ဦးထွန်းအောင် | ။ |
| ၁၇။ | ဦးဘဆိုင် | ။ |
| ၁၈။ | ဦးဘိုးငွေ | ။ |
| ၁၉။ | ဦးအောင်သိန်း | ။ |
| ၂၀။ | ဦးသိန်းအောင် | ။ |
| ၂၁။ | ဦးမြဟန် | ။ |
| ၂၂။ | ဦးကျော်ခင် | ။ |
| ၂၃။ | ဦးလှမောင် | ။ |
| ၂၄။ | ဦးကျော်သိန်း | ။ |
| ၂၅။ | ဦးပု | ။ |
| ၂၆။ | ဦးမောင်မောင် | ။ |
| ၂၇။ | ဦးစိန်ညွှန့် | ။ |
| ၂၈။ | ဦးချစ်လှ | ။ |
| ၂၉။ | ဦးသက်တင် | ။ |

www.dhammaransi.com



၃၀။ ဦးတာလုတ် ။
၃၁။ ဦးပြုံးချို ။
၃၂။ ဦးသိန်းမောင် ။
၃၃။ ဦးစိန်လှိုင်(သာသနာရေးအရာရှိ) ။
၃၄။ ဦးသန်းမောင် မှတ်ပုံတင်အရာရှိ(ခရိုင်မှူး) ။
၃၅။ ဦးမောင်မောင်၊ ခရိုင်လူမှုဝန်ထမ်း ။
၃၆။ ဦးတင်လတ်၊ မြို့မဝန်ထောက်ကြီး ။

## ဘုရားပွဲတော် စတင်ကျင်းပခြင်း

ဗဟိုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမင်းနောင်သည် မင်းဘူးမှ ပြောင်းရွှေ့သဖြင့် ၎င်း၏နေရာ ရောက်ရှိလာသော ဗိုလ်မှူးဘသော် လက်ထက်တွင် ဥက္ကဋ္ဌ ဗိုလ်မှူးဘသော်နှင့် ဒု-ဥက္ကဋ္ဌ ခရိုင်ဝန် ဦးဇော်ဝင်းတို့ စီစဉ်ပေးမှုဖြင့် ရှေးမြန်မာမင်းများ လက်ထက်က နှစ်စဉ် ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်မှာ မကျင်းပဖြစ်ဘဲ တိမ်မြုပ်နေခြင်းကို ပြန်လည် အကောင်အထည်ဖော်လျက် ကျင်းပနိုင်ခဲ့ပါသည်။

ရှေးအခါက ၎င်းပွဲတော်ကို တော်သလင်းလတွင် ကျင်းပသော်လည်း ယခုအခါ အခြေအနေကိုလေ့လာကြည့်ရှုပြီးလျှင် တပို့တွဲလဆန်း ၁ – ရက်မှစ၍ ၁၅ – ရက်အထိ ကျင်းပရန်စီစဉ်ကြ၍ ပထမအကြိမ်ကျင်းပသော ပွဲတော်မှာ (၁၉၇၁ ခု၊ ဖေဖော်ဝါရီလ)၊ ၁၃၃၂ – ခု၊ တပို့တွဲလဆန်း ၁ – ရက်မှ ၁၅ – ရက်အထိ ဖြစ်ကြောင်း၊

www.dhammaransi.com



ငင်းပွဲတော်တွင် ရုပ်ရှင်၊ ဇာတ်ပွဲ၊ နွားလှည်းယာဉ်ပြိုင်ပွဲ၊ လှေလှော်ပြိုင်ပွဲများပါ ထည့်သွင်း ကျင်းပပေးခဲ့ပါသည်။ နောင်နှစ်များတွင်လည်း အစဉ်အလာမပျက် ဆက်လက် ကျင်းပလျက်ရှိပါကြောင်း။

ဘုရားပွဲတော်ကို ပထမ၊ ဒုတိယ၊ တတိယ အကြိမ်တွင် အောင်အောင်မြင်မြင် ကျင်းပရန်ကို တာဝန်ယူ ဆောင်ရွက်ခဲ့သော ဂေါပကအဖွဲ့ဝင် ဦးသန်းမောင်(ခရိုင်အမျိုးသားမှတ်ပုံတင် လူဝင်မှုကြီးကြပ်ရေးအရာရှိ)အား ချီးကျူး မှတ်တမ်းတင်ပါကြောင်း။

## ဆပ်ကော်မတီများ ပယ်ဖျက်ခြင်း

ဗဟိုတည်ဆောက်ရေးအဖွဲ့မှ ဖွဲ့စည်းပေးသော ဂေါပကပကအဖွဲ့နှင့် ဆပ်ကော်မတီများတို့ဖြင့် စေတီတော်ကြီး၏ ကိစ္စအဝဝတို့ကို လုပ်ကိုင်လာရာ လက်တွေ့အားဖြင့် အကောင်အထည်ဖော်၍ မဖြစ်၊ ကိုယ်ဖိရင်ဖိ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဂေါပကအဖွဲ့ကသာ လုံးဝ တာဝန်ယူ ဆောင်ရွက်ရသည်ဖြစ်သဖြင့် ဆပ်ကော်မတီများမှာ အပိုဖြစ်နေသဖြင့် မလိုအပ်ခြင်းကြောင့် ဗဟိုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးဘသော်လက်ထက်တွင် ၁၃၃၃ – ခု၊ ဝါခေါင်လဆန်း ၄ – ရက် (၂၆–၇–၇၁)နေ့ ကျင်းပသော ဗဟိုအစည်းအဝေးက ဆွေးနွေးပြီး ဆုံးဖြတ်၍ ဆပ်ကော်မတီများကို ပယ်ဖျက်လိုက်ပါသည်။

သို့အတွက် ဗဟိုတည်ဆောက်ရေးအဖွဲ့သည် အထိန်းသဘောမျှသာ တာဝန်ယူပြီးလျှင် ဂေါပကအဖွဲ့က စေတီကော်ကြီး၏ ကိစ္စအဝဝတို့ကို ဆောင်ရွက်နိုင်ရန် တာဝန်ပေးအပ်ပါကြောင်း။

www.dhammaransi.com



## ဒုတိယအကြိမ် ရွှေသက်န်း ဆက်ကပ်လှူဒါန်းခြင်း


ယခင်ကပ်လှူခဲ့သော ရွှေများမှာ မှေးမှိန်လာသဖြင့် ရွှေသကၤန်း အသစ်ကို ၁၃၃၃ – ခုနှစ်တွင် ကပ်လှူပူဇော်ရာ နှစ်လက်မရွှေဆိုင်း ရွက်ရေ ၁၀၀ – ပါ ၁၄၁၄ – ဆိုင်းကပ်လှူသဖြင့် တန်ဖိုးငွေ ၃၅၀၅၇ – ကျပ် ၈၀ ပြားကုန်ကျပါကြောင်း။

တစ်ချိန်တည်းမှာပင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကိုပါ အောက်ချပြီး ပြင်ဆင် မွမ်းမံခြင်း ပြုပါသည်။ မြင်းခြံမြို့ ဦးစက်ပိတ်+ ဒေါ်ဦးတို့က ရွှေ ၆ – ကျပ် ၈ – ပဲသားကို တန်ဖိုးငွေ ၂၆၂၅ – ကျပ် လှူဒါန်း၍ ၎င်းရွှေကို နန်းဆွဲပြီး ကွန်ချာယက်၍ စိန်ဖူးတော်ကို အုပ်လိုက်ပါသည်။

ငှက်မြတ်နားကိုလည်း လှူဒါန်းထားသော ကျောက်သံ ပတ္တမြားတို့ဖြင့် ထပ်မံ ပြုပြင်ကြသည့်ပြင် မြင်းခြံမြို့ ဦးစက်ပိတ်+ ဒေါ်ဦးတို့က ရွှေတစ်ကျပ်သား တန်ဖိုးငွေ ၄၅၀/– တန်ကို အပြား ခတ်၍ ကမ္ဗည်းထိုးလျက် လှူဒါန်း တပ်ဆင်ပါသည်။ ထို့ပြင် မင်းဘူးမြို့ ခ–လ–ရ(၈၀)တပ်ရင်းမှူး ဗိုလ်မှူးဘသော် + ဒေါ်သောင်း စိန်တို့ကလည်း ရွှေတစ်ကျပ်သား တန်ဖိုးငွေ ၄၅၀ /– တန်ကို ရွှေပြားခတ်၍ ကမ္ဗည်းထိုးလျက် လှူဒါန်းသည်။

အရပ်ရပ် ပြင်ဆင်မွမ်းမံပြီးနောက် စိန်ဖူးတော်နှင့် ငှက်မြတ်နား တို့ကို ၁၃၃၂ – ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ပြန်လည် တင်လှူလိုက် ပါကြောင်း။

www.dhammaransi.com



ရှေးဘုရားပုံတော်

www.dhammaransi.com



## ငွေစုလက်မှတ် ဝယ်ယူထားခြင်း

| | | | |
|---|---|---|---|
| ၂-၆-၇၅- | နေ့ငွေစုလက်မှတ်ဝယ်ယူငွေ | | ၁၀၀၀၀ |
| ၂-၁၀-၁၉၇၈-နေ့ | ॥ | ॥ | ၃၀၀၀၀ |
| ၅-၂-၁၉၇၉-နေ့ | ॥ | ॥ | ၃၀၀၀၀ |
| ၅-၅-၁၉၈၀-နေ့ | ॥ | ॥ | ၆၀၀၀၀ |
| ၁၁-၇-၁၉၈၀-နေ့ | ॥ | ॥ | ၃၅၆၀ |
| | | ပေါင်း | ၁၃၃၅၆၀ |

ဂန္ဓကုဋိတိုက်အတွင်း စေတီတော်ကြီး ကိုယ်ထည်လုံးပတ်အားလုံး ရှစ်မျက်နှာစလုံးကို မှန်သင်္ကန်း ကပ်လှူရာ တစ်မျက်နှာလျှင် ငွေ ၁၅၀ဝိ/- နှုန်းဖြင့် ရှစ်မျက်နှာအတွက် ငွေ ၁၂၀ဝိ/- ကုန်ကျခဲ့ပါ သည်။ အလှူရှင်များ၏ အမည်များကိုလည်း ၎င်းတို့လှူဒါန်းသောမျက်နှာတွင် ကမ္ပည်းရေးထိုးထားရှိပါကြောင်း။

## ဂန္ဓကုဋိတိုက်အတွင်းနံရံများ မှန်စီခြင်း အပြောင်းအလဲများ

ဂန္ဓကုဋိတိုက်အတွင်း စေတီတော်ကြီး၏ ကိုယ်ထည်လုံးပတ်ရှစ်မျက်နှာကို အလှူရှင်များပေါ်ပေါက်၍ မှန်စီခြင်းပြုပြီးနောက်ဆက်လက်၍ ဂန္ဓကုဋိတိုက် အတွင်းဘက် နံရံများကိုလည်း မှန်စီရန်အတွက် သိန်းလှူရှင်များကို ဖိတ်ခေါ်ရာ အလှူရှင်များပေါ်ပေါက်သဖြင့် ရှစ်မျက်နှာကို ၁၆-ပိုင်းခွဲ၍ တစ်ပိုင်းလျှင် တန်ဖိုးငွေ ၁၄၀ဝိ/-နှုန်းဖြင့် ရှစ်မျက်နှာ ၁၆-ပိုင်းအတွက် ဝင ၂၂၄၀ဝိ/-

www.dhammaransi.com



ကုန်ကျပါသည်။ အလှူရှင်များ၏အမည်ကိုလည်း ကမ္ပည်းထိုး ထားရှိပါကြောင်း။

တော်လှန်ရေးကောင်စီသည် ခရိုင်(လ၊အ၊က)ကို ဖျက်သိမ်းပြီး မြို့နယ် (န-လ-က)အား အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းပေး လိုက်ရသဖြင့် မြို့နယ်(န-လ-က)ဥက္ကဋ္ဌသည် ဗဟိုတည်ဆောက် ရေးအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကိုယူ၍ ဆောင်ရွက်ခြင်း ပြုပါသည်။ [၁၉၇၂-ခုနှစ်၊ စက်တင်ဘာ ၂၉-ရက်] ၁၃၃၄-ခု၊ တော်သလင်း လဆုတ် ၇-ရက်နေ့ ဗဟိုကော်မတီအစည်းအဝေးတွင် ဆုံးဖြတ် လွှဲပြောင်းကြပါကြောင်း။

ထို့နောက်တစ်ဖန် ကောင်စီအဆင့်ဆင့် ဖွဲ့စည်းပြီးသဖြင့် မြို့နယ်ကောင်စီဥက္ကဋ္ဌ(န-လ-က)ဥက္ကဋ္ဌ၏ အုပ်ချုပ်ရေးတာဝန်ကို ယူရပြန်သဖြင့် မြို့နယ်ကောင်စီဥက္ကဋ္ဌသည် ဗဟိုတည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်ကိုယူ၍ ဆောင်ရွက်လျက် ရှိနေသေးပါ ကြောင်း။

တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌသည် အခက်အခဲကိစ္စများကို ကူညီ ဖြေရှင်းပေးပြီးလျှင် အခြားသော ကိစ္စအဝဝကို ဂေါပက အဖွဲ့ကသာ တာဝန်ယူ ဆောင်ရွက်နေပါကြောင်း။

အဆိုပါ ဂေါပကအဖွဲ့ကို(၂၃-၇-၇၀) ၁၃၃၂-ခု၊ နယုန်လ ဆုတ် ၉-ရက်နေ့က ဖွဲ့စည်းခဲ့ခြင်းဖြစ်သောကြောင်း အချိန်ကာလ အားဖြင့် ငါးနှစ်ကျော် ကြာလာခဲ့ဖြစ်ပါ၍ အဖွဲ့ဝင် ၁၆-ဦးအနက်မှ အချို့မှာ သေဆုံးခြင်း၊ အချို့မှ အခြားသို့ပြောင်းရွှေ့ခြင်း၊ အချို့ နုတ်ထွက်ခြင်းများ ရှိခဲ့ပါသည်။ ထို လစ်လပ်သောပုဂ္ဂိုလ်များ

www.dhammaransi.com



အားလုံးအတွက် အစားထိုးနိုင်ခြင်းမရှိဘဲ အချို့လောက်သာ အစားထိုး၍ ဆောင်ရွက် နေရခြင်းဖြစ်ပါကြောင်း။ ထို့ကြောင့် အောက်ပါတို့မှာ ဤ သမိုင်းပြုစု ရေးသားချိန်တွင် ဆောင်ရွက်နေသူများ ဖြစ်ပါသည်။

၁။ ဦးတင်အုန်း အငြိမ်းစားရဲဝန် ဥက္ကဋ္ဌ
၂။ ဦးသက်တင် အငြိမ်းစားခရိုင်ငွေတိုက်စာရေးကြီး ဒု-ဥက္ကဋ္ဌ
၃။ ဦးငွေဖြိုး အငြိမ်းစား မြို့အတွင်းရေးမှူး အတွင်းရေးမှူး
၄။ ဦးစံရွှေ အငြိမ်းစား တိုင်းပညာရေးရုံးစာရေးကြီး ထွဲဖက်
၅။ ဦးသောင်း အငြိမ်းစား ခရိုင်ကောင်စီရုံး အတွင်းရေးမှူး
၆။ ဦးအောင်ခင် အငြိမ်းစား သင်္ဘောကိုယ်စားလှယ်
၇။ ဦးငြိမ်းမောင် အငြိမ်းစား တိုင်းပညာရုံး စာရေးကြီး
၈။ ဦးတလုတ် စက်ပြင်အလုပ်ရုံပိုင်ရှင် အဖွဲ့ဝင်
၉။ ဦးကျော့ ကုန်သည် ။
၁၀။ ဦးငြိမ်းမောင် ရွှေပန်းတိမ်ဆရာ ။
၁၁။ ဦးထွန်းရှင် ပွဲစား ။
၁၂။ ဦးကျော်ခင် ကျောင်းဆရာ ။
၁၃။ ဦးလှမောင် ။
၁၄။ ဦးအောင်မြို့ ကုန်သည် ။
၁၅။ ဦးသိန်းမောင် ။ ။
၁၆။ ဦးဘဆိုင် ။ ။
၁၇။ ဦးခင်မောင် ။ ။
၁၈။ ဦးမြပါန် ။ ။

www.dhammaransi.com



၁၉။ ဦးဘိုးငွေ အငြိမ်းစား(မြို့အုပ်ဒွာန) ။

၂၀။ ဦးသိန်းမောင် လက်သမားဆရာ ။

၂၁။ ဦးသိန်း ဘဏ်ငွေရေ စာရေး ။

၂၂။ ဦးချစ်လှ အငြိမ်းစား ငွေတိုက်ရုံးစာရေးကြီး ။

## စေတီတော်ကြီး၏ ဉာဏ်တော် စသည်များ

**စေတီတော်ကြီး၏** ဉာဏ်တော်၊ ဂန္ဓကုဋိတိုက်နှင့် ပစ္စယံများ၏ အချိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| **မူလစေတီတော်**။ | ။ရင်ပြင်မှ စေတီတော်အမြင့် | ၄၈ – ပေ |
| | လုံးပတ် | ၄၉ – ပေ |
| | ဖောင်ရစ်လုံးပတ် | ၁၇ – ပေ |
| **ယခုစေတီတော်**။ | ။ကြာခံလုံးပတ် | ၄၄၀ – ပေ |
| | ပထမပစ္စယံ လုံးပတ် | ၃၆၀ – ပေ |
| | ဒုတိယပစ္စယံ လုံးပတ် | ၃၂၀ – ပေ |
| | တတိယပစ္စယံ လုံးပတ် | ၂၇၂ – ပေ |
| | ဂန္ဓကုဋိတိုက်အုံ | ၂၀၈ – ပေ |
| | ဂန္ဓကုဋိတိုက် | ၁၉၅ – ပေ |
| | အတွင်းရှစ်မျက်နှာလုံးပတ် ၉၅ – ပေ | |
| အောက်ကြာခံမှ ဘုရားစေတီတော်များအထိ | | ၁၀၉ – ပေ |

## ရွှေသင်္ကန်းသင်္ကန်းတစ်လှူဒါန်းခြင်း

ယခင်လှူခဲ့သော ရွှေများမှာ မေးမှိန်လာသဖြင့် ရွှေသင်္ကန်းသစ်ကို ၁၃၄၃ – ခု၊ နတ်တော်လဆန်း ၁၂ – ရက် (၁၉၈၁ – ခု၊ ဒီဇင်ဘာ

www.dhammaransi.com



၈–ရက်)နေ့တွင် ကပ်လှူပူဇော်ရာ နှစ်လက်မရွှေဆိုင်းရွက်ရေ ၁၀၀–ပါ ၁၄၀၀–ဆိုင်း ကပ်လှူသဖြင့် ဘုရားကြီးအတွက် ရွှေသင်္ကန်းကပ်လှူ ပြီးသည့်အထိ တန်ဖိုးငွေ ၂၁၄၂၃၁–၅၀–ပြား ကုန်ကျပါကြောင်း။

တစ်ချိန်တည်းမှာပင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို အောက်ချပြီး မွမ်းမံပြင်ဆင်၍ ၁၃၄၃–ခု၊ ပြာသိုလဆုတ် ၁၁–ရက် (၁၉၈၂–ခု၊ ဇန်နဝါရီလ ၂၈–ရက်နေ့)နံနက် ၁၀ နာရီအချိန်တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပြန်လည်တပ်ဆင် ပြီးစီးပါသည်။

တတိယအကြိမ် ရွှေသင်္ကန်းကပ်လှူချိန်တွင် ဂေါပကအဖွဲ့ဝင်များမှာ အချို့သေဆုံးခြင်း၊ အချို့မှာ အခြားသို့ ပြောင်းရွှေ့ခြင်း၊ အချို့မှာ နုတ်ထွက်ခြင်းများ ရှိခဲ့ပါသည်။ ထို လစ်လပ်သောပုဂ္ဂိုလ်အားလုံးအတွက် အစားထိုးနိုင်ခြင်းမရှိဘဲ အချို့လောက်သာ အစားထိုး၍ ဆောင်ရွက်နေရခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် အောက်ပါတို့မှာ ဤစတုတ္ထအကြိမ်မြောက်သမိုင်းပြုစုရေးသားချိန်တွင် ဆောင်ရွက်နေသူများ ဖြစ်ပါသည်။

## စတုတ္ထအကြိမ်မြောက် သမိုင်းပြုစုရေးသားချိန်တွင် ဆောင်ရွက်တော်မူကြသော ဩဝါဒါစရိယဆရာတော်များ

| | | | |
|---|---|---|---|
| ၁။ | ဆရာတော် | ဦးဥတ္တမဝံသ | တိုက်သစ်ဥက္ကဋ္ဌ |
| ၂။ | ။ | ဦးကဥ္စန | မှန်ကင်းတိုက် |
| ၃။ | ။ | ဦးနာရဒ | ချမ်းသာကြီးတိုက် |
| ၄။ | ။ | ဦးတေဇိန္ဒ | တောရတိုက် |

www.dhammaransi.com



| | | | |
|---|---|---|---|
| ၅။ | ။ | ဦးနန္ဒိယ | ယွန်းကျောင်းတိုက် |
| ၆။ | ။ | ဦးစက္ကိန္ဒ | မင်းဘူး ဘုရားအကျိုးဆောင် |
| ၇။ | ။ | ဦးသာဂရ | တိုက်သစ် ဓာတ်တော် ဘုရားအကျိုးတော်ဆောင် |
| ၈။ | ။ | ဦးဇာဂရ | ရေနံ့ပြင်ကျောင်း |
| ၉။ | ။ | ဦးနန္ဒဝံသ | စက္ကိန်းတဲအကျိုးဆောင် |

## ဂေါပကလူကြီးများ

| | | |
|---|---|---|
| ၁။ | ဦးသက်တင် | ဥက္ကဋ္ဌ |
| ၂။ | ဦးစံရွှေ | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးညိမ်းမောင် | အတွင်းရေးမှူး |
| ၄။ | ဦးသိန်းမောင် | တွဲဖက်အတွင်းရေးမှူး |
| ၅။ | ဦးသောင်း | ဘဏ္ဍာရေးမှူး |
| ၆။ | ဦးသန့်စင် | တွဲဖက် ဘဏ္ဍာရေးမှူး |
| ၇။ | ဦးစိုးမြင့် | အဖွဲ့ဝင် |
| ၈။ | ဦးအောင်ကြည် | ။ |
| ၉။ | ဦးအောင်ရီ | ။ |
| ၁၀။ | ဦးထွန်းရှင် | ။ |
| ၁၁။ | ဦးငြိမ်းသောင်း | ။ |
| ၁၂။ | ဦးကျော်ခင် | ။ |
| ၁၃။ | ဦးကျော်တင့် | ။ |
| ၁၄။ | ဦးရင်မောင် | ။ |

www.dhammaransi.com



ယခုအချိန်သည် ပဋ္ဌမအကြိမ်မြောက် စေတီတော်၏သမိုင်း ပြုစုရေးသားခြင်းဖြစ်ပါသည်။

၁၉၈၂ – ခုနှစ် ဇန်နဝါရီလအတွင်း တတိယအကြိမ် ရွှေသင်္ကန်း ကပ်လှူပြီးချိန်မှစ၍ စေတီတော်တွင် မှတ်တမ်းများ တင်လောက်သည့် တိုးတက်ပြုပြင်ခြင်း လုပ်ရပ်များ မရှိခဲ့ပါ။

၁၉၈၈ – ခုနှစ် နှစ်လယ်ပိုင်းတွင် ၁၉၈၂ – ခုနှစ်အတွင်းတွင် ကပ်လှူခဲ့သော ရွှေသင်္ကန်းများအရောင်မှေးမှိန်ခြင်း ဖြစ်ပေါ်လာသောကြောင့် ကြေးနီပြားခံ ရွှေသင်္ကန်းများ ကပ်လှူခြင်း လုပ်ငန်းအပြင် အခြားသော ဘက်စုံလုပ်ငန်းများကိုပါ ဆက်လက်လုပ်ကိုင်ရန် လက်ရှိ ဂေါပကအဖွဲ့က ဆုံးဖြတ်ပြီးလျှင် အောက်ဖော်ပြပါ လုပ်ငန်းရပ်များကို ၁၉၉၃ – ခု နှစ်ဦးပိုင်းအထိ ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

| | | |
|---|---|---|
| ၁၉၈၈–၈၉ – | ကြေးနီပြား ၇၀၃၄ – ချပ်တန်ဖိုး | ၄၇၃၈၂၃–၀၀ |
| ။ | အခြားအထွေထွေစရိတ် | ၃၇၃၄၆–၀၀ |
| ။ | ရွှေ(ရာပြည့်)ဆိုင်း ၁၃၇၅ – ဆိုင်း | ၆၂၀၀၀၀–၀၁ |
| ။ | အခြားစရိတ် | ၁၄၃၁၆–၀၀ |
| ၁၉၉၁–ခု၊ ဇူလိုင်လ၊ ဩဂုတ်လ | | |
| | သံဆွဲတံခါးများ၊ မှန်တံခါးများ၊ ဆေးသုတ်ခြင်း၊ သံလက်ရမ်းများတွင် သံပန်းကပ်ခြင်းနှင့် ရောင်စုံမှန်များ ပြန်လည်ပြုပြင်ခြင်း၊ | ၂၀၅၅၂–၀၀ |

www.dhammaransi.com



# ဝေါဟာရလှူကြီးများ

| | | |
|---|---|---|
| ၁။ | ဦးသောင်း | ဥက္ကဋ္ဌ |
| ၂။ | ဦးညိမ်းမောင် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးသိန်းမောင် | အတွင်းရေးမှူး |
| ၄။ | ဦးခင်မောင် | တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) |
| ၅။ | ဦးမျိုးမြင့်လှ | တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) |
| ၆။ | ဦးသန့်စင် | ဘဏ္ဍာရေးမှူး |
| ၇။ | ဦးကျော်တင့် | တွဲဖက်ဘဏ္ဍာရေးမှူး |
| ၈။ | ဦးသိန်း | စာရင်းစစ် |
| ၉။ | ဦးစိုးမြင့် | အဖွဲ့ဝင် |
| ၁၀။ | ဦးထွန်းရှင် | ။ |
| ၁၁။ | ဦးအောင်ရီ | ။ |
| ၁၂။ | ဦးထွန်းရွှေ | ။ |
| ၁၃။ | ဦးကျော်သန်း | ။ |
| ၁၄။ | ဦးအောင်သိန်း | ။ |
| ၁၅။ | ဦးစိန်ဝင်း | ။ |

www.dhammaransi.com